ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ (30-1-2008) (၅၅၇၈)

မာတာပိတု ဥပဋ္ဌာနံ ဧတံမင်္ဂလ မုတ္တမံ

မိဘကို လုပ်ကျွေးပြုစုခြင်းသည် မြတ်သောမင်္ဂလာမည်၏။

ဒေသဝမ်းစာဖူလုံရေးအတွက် မိုးစပါးနှင့်နွေစပါးတို့ကို အထွက်ကောင်းမျိုးများပြောင်း၍ တိုးချဲ့စိုက်ပျိုးရေးနှင့် နည်းစနစ်မှန်ကန်စွာစိုက်ပျိုးရေး ကွင်းဆင်းကြပ်မတ်ကြိုးပမ်းဆောင်ရွက်

နေပြည်တော်   ဇန်နဝါရီ   ၂၉

တနင်္သာရီတိုင်း မြိတ်မြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၇ ရက် နံနက် ၈ နာရီခွဲတွင် မြိတ်မြို့နယ် တုံးဗျောကြီးကျေးရွာ၌ကျင်းပသည့် နွေစပါး စုပေါင်းမြေသြဇာကြဲပက်ပွဲ အခမ်းအနားသို့ ဒေသခံတောင်သူများနှင့်အတူ တက်ရောက်အားပေးသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး မြိတ်မြို့နယ် တုံးဗျောကြီးကျေးရွာ နွေစပါး စုပေါင်းမြေသြဇာကြဲပက်ပွဲသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စပါးစိုက်ပျိုးရာတွင် ဒေသဝမ်းစာဖူလုံရေး မျိုးကောင်းမျိုးသန့်သုံးစွဲ လျှပ်စစ်မြစ်ရေတင်စီမံကိန်းရှိရာ လယ်မြေများ၌ သီးထပ်သီးညှပ်စိုက်ပျိုး

နေပြည်တော်   ဇန်နဝါရီ   ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့နှင့်အတူ ဇန်နဝါရီ ၂၂ ရက် နံနက် ၈ နာရီတွင် ပခုက္ကူမြို့ ရဲတံခွန်ခန်းမ၌ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ပခုက္ကူတပ်နယ်ရှိ မိသားစုဝင်များ၏ ဆယ်မျိုးဆယ်ပေါင် စိုက်ပျိုးထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် ပခုက္ကူမြို့ မဟာဝိပုလာရာမ(မန္တလေးတိုက်)၊ မဟာဝိသုတာရာမ(အလယ်တိုက်)၊ မဟာဝိဇယရာမပါဠိတက္ကသိုလ်(အရှေ့တိုက်)နှင့် ဗောဓိမဏ္ဍိုင်ကျောင်းတိုက်များရှိ ဆရာတော်များအား သွားရောက်ဖူးမြော်ကန်တော့ကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်းသို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး ဗိုလ်ချုပ်ခင်ဇော်က အမျိုးဂုဏ်၊ဇာတိဂုဏ်စောင့်ထိန်းကာ **စာမျက်နှာ ၃ ကော်လံ ၃ သို့** ❖

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၀–၁–၂၀၀၈
(ဗုဒ္ဓဟူးနေ့)

ဆည်တမံသစ်များ တိုးချဲ့တည်ဆောက်ဖွင့်လှစ် မိုးစပါး၊ နွေစပါး ပြည့်မီကျော်လွန်အောင်စိုက်ပျိုး

ပဲခူးတိုင်း ပဲခူးမြို့နယ် တောင်ဆတ်အင်းကျေးရွာအနီးတွင် တည်ဆောက်ပြီးစီးသွားသည့် ဝါးကတုတ် ရေကူရေလှောင်တမံကို ဇန်နဝါရီလ ၂၆ ရက်နေ့က ဖွင့်လှစ်လိုက်သည်။

ဝါးကတုတ်ရေကူရေလှောင်တမံသည် ပဲခူးတိုင်းအတွင်းရှိ ၄၄ ခုမြောက် ဆည်တမံစီမံကိန်းဖြစ်ပြီး သနပ်ပင်နှင့် သုံးခွဒေသရှိ ကျေးရွာများ၏ လယ်မြေဧက ၁၂၀၀ ခန့်ကို စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။ ထို့အပြင် မိုးယွန်းကြီးအင်းကိုလည်း ရေကူဖြည့်ပေးမည်ဖြစ်သဖြင့် မိုးယွန်းကြီးအင်း၏ ရေသောက်ဧရိယာ ဧက ၄၃၀၀၀ ကျော်၏ နွေစပါးစိုက်ပျိုးမှုကို အထောက်အကူပြုမည် ဖြစ်သည်။

အလားတူ ပဲခူး–စစ်တောင်း တူးမြောင်းတစ်လျှောက် စိုက်ပျိုးရေ ပိုမိုရရှိရေးနှင့် ရန်ကုန်မြို့ မိုင် ၃၀ ဝန်းကျင် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးတို့ကိုလည်း အထောက်အကူပေးနိုင်မည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်က ဆန်စပါးစားသုံးမှု ဖူလုံပိုလျှံရေး၊ စားသုံးဆီ ဖူလုံရေး ရည်မှန်းဖော်ဆောင်လျက်ရှိရာ စိုက်ပျိုးရေရရှိရေးနှင့် စိုက်ပျိုးဆဲ လယ်မြေများ၏ တစ်ဧကအထွက်နှုန်း တိုးတက်လာရေးတို့အတွက် လိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးနေခြင်းဖြစ်သည်။

အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးတွင် အဓိက လိုအပ်နေသည့် စိုက်ပျိုးရေလုံလောက်စွာ ရရှိစေရန် ဆည်တမံ၊ ရေထိန်းတံခါး၊ ရေလွှဲဆည်များကို အခြေအနေပေးသည့် နယ်မြေဒေသတိုင်း၌ တည်ဆောက်ပေးနေသည်။ ယခုအခါ နိုင်ငံတစ်ဝန်း၌ ဝါးကတုတ် ရေကူရေလှောင်တမံအပါအဝင် ဆည်တမံပေါင်း ၂၀၇ ခုကို တည်ဆောက်ပေးထားပြီးဖြစ်ရာ မိုးစပါး၊ နွေစပါးသာမက သီးထပ်သီးညှပ်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်လျက်ရှိသည်။

နိုင်ငံတော်က ဘဏ္ဍာငွေကြေးများစွာ ရင်းနှီးသုံးစွဲ၍ စိုက်ပျိုးရေရရှိရေးစီမံကိန်းများကို တစ်နိုင်ငံလုံးတွင် တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်နှင့်အညီ ဒေသခံတောင်သူလယ်သမားများက မိုးစပါး၊ နွေစပါးနှင့် ဆီထွက်သီးနှံများကို လျာထားချက်ထက် ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ရေး အားထုတ်ကြိုးပမ်းကြရမည် ဖြစ်ပါသည်။ ။

သဘင်ပညာရှင်များသက်ကြီးပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး(ဗဟို)က ဒုတိယအကြိမ် သဘင်သက်ကြီးပူဇော်ပွဲကို ဧပြီ ၂၇ ရက်တွင် ကျင်းပမည်ဖြစ်ရာ သဘင်အစည်းအရုံး(ဗဟို)ရုံး ၁၃၅၊၂၁ လမ်း လသာမြို့နယ် ရန်ကုန်မြို့ ဖုန်း ၃၇၁၅၂၈၊ ၂၅၃၇၇၃ သို့လည်းကောင်း၊ ကပြလျက်ရှိသော ဇာတ်သဘင်အဖွဲ့များသို့လည်းကောင်း ဆက်သွယ်လှူဒါန်းရန် မေတ္တာရပ်ခံကြောင်း သတင်းရရှိသည်။ (က–ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းကြီး တည်ဆောက်ရန်အတွက် သဃ်န်းကျွန်းမြို့နယ် ၁၆/၁ ရပ်ကွက် ရတနာလမ်းနေ မိခင်ကြီးအား အမှူးထား၍ သမီး ဒေါ်အေးကျင်၊ ညီမ ဒေါ်ကြူကြူခင် ညီအစ်ကို မောင်နှမတစ်စုက အလှူငွေကျပ် ၃၀၀၀၀၀ နှင့် ရွှေသင်္ကန်းကပ်လှူရန် ငွေကျပ် တစ်သောင်းငါးထောင်ကို လှူဒါန်းရာ ဂေါပကအဖွဲ့ ဦးအေးမြင့်နှင့် ဦးဟံညွှန့်တို့ လက်ခံယူစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တိုက်ကြီးမြို့ နတ်စင်လမ်း ကတ္တရာလမ်းသစ် ဖွင့်လှစ်ပေး ဒေသဖွံ့ဖြိုးရေးတွင် ပါဝင်ကူညီသူများအား ဂုဏ်ပြုပွဲသို့ တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်သည့် တိုက်ကြီးမြို့နယ် အိုးတန်းရပ်ကွက် နတ်စင်လမ်း ကတ္တရာလမ်းဖွင့်ပွဲသို့ တက်ရောက်အားပေး၍ လမ်းသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးကာ လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကတ္တရာလမ်းမှာ အရှည် ၆၁၃ပေ၊ အကျယ် ၁၂ပေရှိပြီး ငွေကျပ် ၇၈သိန်း အကုန်အကျခံ၍ ဖောက်လုပ်ထားခြင်းဖြစ်သည်။

ထို့နောက် တိုင်းမှူးသည် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းနိုင်က တိုက်ကြီးမြို့နယ်အတွင်း နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြ၍ လိုင်ကျေးရွာမှ ဒေသခံပြည်သူ ဦးဘသိန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်၍ ဂုဏ်ပြုအမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တိုက်ကြီးမြို့နယ် အိုးတန်းရပ်ကွက် နတ်စင်လမ်း ကတ္တရာလမ်းဖွင့်ပွဲတွင် လမ်းသစ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ စီစဉ်မှုဖြင့် အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၁)၏ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၃ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ စာပေဟောပြောသူ စာရေးဆရာ ရဲဘော်ကျော်ဆန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးဝင်း ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။ (၃၂)

ငွေကျပ် ၁၀၀တန် ထီဖွင့်ပွဲ ဖေဖော်ဝါရီ ၁ရက်တွင် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

(၂၂၉)ကြိမ်မြောက် ငွေကျပ် ၁၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ ဖေဖော်ဝါရီ ၁ ရက် နံနက် ၈ နာရီမှ စတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက် ဆုမဲများမှ ငွေကျပ် သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ် သိန်း၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း၂၀၀ လေးဆု၊ ငွေကျပ်သိန်း ၁၀၀ ၃၅ဆု၊ ငွေကျပ်၁၀သိန်း ၅၄၄ဆု၊ ငွေကျပ် ငါးသိန်း ၁၉ဆု၊ ငွေကျပ် လေးသိန်း၂၃ဆု၊ ငွေကျပ် နှစ်သိန်း ၁၉၃ဆု၊ ငွေကျပ်တစ်သိန်းဆု ၁၅၃၀၊ ငွေကျပ် ရှစ်သောင်းဆု ၆၀၊ ငွေကျပ် လေးသောင်း ၁၀၁ဆု၊ ငွေကျပ်နှစ်သောင်း ၁၅၈၄၂ဆု စုစုပေါင်း ၁၈၃၅၄ ဆုဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မလေးရှားနိုင်ငံ တိရစ္ဆာန်ဆေးကုဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၂၉

မလေးရှားနိုင်ငံ တိရစ္ဆာန်ဆေးကုဌာန ညွှန်ကြားရေးမှူးချုပ် Dato' Dr. Abd Aziz Bin Jamaluddin နှင့်အဖွဲ့သည် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးမောင်မောင်ညွှန့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ ဗဟိုအလုပ်အမှုဆောင်များအား ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ တိရစ္ဆာန်ကျန်းမာရေးနှင့် တိရစ္ဆာန်ရောဂါ ထိန်းချုပ်ရေးလုပ်ငန်း၊ နို့စားနွား၊ အသားစားနွား၊ ကျွဲ၊ သိုး၊ ဆိတ် မွေးမြူမှုဖွံ့ဖြိုးရေးနှင့် တိရစ္ဆာန်အစာထုတ်လုပ်မှုလုပ်ငန်းများတွင် နည်းပညာပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးသည်။

မလေးရှားနိုင်ငံသို့ သိုး၊ ဆိတ်အရှင် တင်ပို့ရောင်းချနိုင်ရေးအတွက် သန်လျင်မြို့နယ်၊ သီလဝါ တိရစ္ဆာန်ကျန်းမာရေးစောင့်ကြည့်စစ်ဆေးရေးစခန်း၌ နှစ်နိုင်ငံ တိရစ္ဆာန်ဆေးကုဌာနများမှ ကျန်းမာရေးစစ်ဆေး၍ ထောက်ခံချက်လက်မှတ်ထုတ်ပေးရန်လိုအပ်ချက်များ၊ သိုး၊ ဆိတ်များ ကြိုတင်စုဆောင်းထားရှိမည့် စခန်းများတွင် တိရစ္ဆာန်ကျန်းမာရေးဆောင်ရွက်မည့် အစီအစဉ်များ၊ နွားနောက်အရှင်နှင့်အသားများ မလေးရှားနိုင်ငံသို့ စမ်းသပ်တင်ပို့ရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

မလေးရှားနိုင်ငံမှ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ဇန်နဝါရီ ၂၅ရက်တွင် တနင်္သာရီတိုင်း မြိတ်မြို့၊ ရွှေဒူးရွာအနီး တည်ဆောက်လျက်ရှိသည့် တိရစ္ဆာန်ကျန်းမာရေးစောင့်ကြည့်စစ်ဆေးရေးစခန်းသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ တုံးဖျောကြီး ကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တနင်္သာရီတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးအောင်ကျော်ဦးက တနင်္သာရီတိုင်း ဒေသဝမ်းစာဖူလုံရေးအတွက် ၂၀၀၆-၂၀၀၇ခုနှစ်တွင် မိုးစပါး ၄၂၀၈၁၃ ဧက၊ နွေစပါးဧက ၃၇၅၈၀ စိုက်ပျိုးနိုင်မှု၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် မိုးစပါး ၄၄၃၉၀၂ ဧက စိုက်ပျိုးပြီးစီးမှုနှင့် နွေစပါးဧက ၄၁၀၀၀ စိုက်ပျိုးရန် ဆက်လက်ဆောင်ရွက်နေမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးက တနင်္သာရီတိုင်းအတွင်း ဒေသဝမ်းစာဖူလုံရေးအတွက် မိုးစပါးနှင့် နွေစပါးတို့ကို အထွက်ကောင်းမျိုးများပြောင်းလဲ၍ တိုးချဲ့စိုက်ပျိုးသွားရေးနှင့် နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးရေးတို့ကို တာဝန်ရှိသူ အဆင့်ဆင့်က ကွင်းဆင်းကြပ်မတ် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

တနင်္သာရီတိုင်းကို နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်ရန် ဆီအုန်းဧကေါ်သိန်း စိုက်ပျိုးရန် သတ်မှတ်ထားရာ ဆီအုန်းအပြင် ရော်ဘာနှင့် ငရုတ်ကောင်းတို့ကိုလည်း သတ်မှတ်ဧကပြည့်မီအောင် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် တိုက်တွန်းပြောကြားသွားသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒေသခံတောင်သူများအား မြေသြဇာ စနစ်တကျသုံးစွဲတတ်စေရန် ဓာတ်မြေသြဇာ စနစ်တကျ အသုံးချနည်းပညာပေးပြကွက်များကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တုံးဖျောကြီး ကျေးရွာ ကွင်းအမှတ်(၂၉၀)နှင့် (၂၉၁)တို့အတွင်း မြေသြဇာနှင့် ဓာတ်မြေသြဇာ (၁ အချိုး ၃)ညီစွာ ပေါင်းစပ်၍ နွေစပါးစိုက်ခင်းများအတွင်း မြေသြဇာ ကြဲပက်သရုပ်ပြသနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

မြိတ်မြို့နယ် တုံးဖျောကြီးကျေးရွာကို မြို့နယ်၏ နွေစပါးစိုက်ပျိုးရေးစံပြ ကျေးရွာအဖြစ် ဆောင်ရွက်လျက်ရှိပြီး ဒေသခံ တောင်သူ ၂၉၃ ဦးတို့က ၂၀၀၇-၂၀၀၈ ခုနှစ် နွေစပါးစိုက်ပျိုးရေးရာသီတွင် ရေတံခါး(ဆည်ရေသောက်)နှင့် ချောင်းပိတ်မြောင်းပိတ်ရေပေးဝေခြင်းတို့ဖြင့် နွေစပါး ၇၄၃ ဧက စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ယခုအခါ ၃၇၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

ထို့နောက် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တုံးဖျောကြီး ကျေးရွာအနီး ရန်ကုန်-ထားဝယ်-မြိတ်-ကော့သောင်း ပြည်ထောင်စုလမ်းမကြီး၏ မြိတ်-တနင်္သာရီလမ်းအပိုင်း မိုင်တိုင်(၂၈/၂)နှင့် (၂၈/၃)အကြား၌ ကျောက်ချောလမ်းခင်းနေမှုနှင့် ကတ္တရာလောင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြိတ်မြို့အဝင် ရွှေဒူးကျေးရွာသို့ ရောက်ရှိကြပြီး ရွှေဒူးမှ မြိတ်လေဆိပ်လမ်းဆုံအထိ အမှတ် (၂) မြိတ်မြို့ပတ်လမ်း ဖောက်လုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြပြီး အရေးပေါ်လူနာကုသရေးဌာန၊ ခွဲစိတ်ခန်း၊ အထူးကြပ်မတ်ကုသခန်း၊ ပြင်ပ မျက်စိကုလူနာဌာန၊ ဓာတ်မှန်ဌာန၊ တီဗွီဓာတ်မှန်ခန်းတို့တွင် ဆေးရုံသုံးစက်ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အမျိုးသမီးလူနာဆောင်၌ ဆေးဝါးကုသမှုခံယူနေသော လူနာများအား တွေ့ဆုံအားပေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးသည် မြိတ်မြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ တာဝန်ထမ်းဆောင်နေကြသော ဆရာဝန်နှင့်သူနာပြုများအား တွေ့ဆုံ၍ ကျေးလက်ဒေသအထိ ကျန်းမာရေး အသိပညာပေးခြင်းဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအဝဝကို ဆေးရုံကြီးက လွှမ်းခြုံဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ကျေးလက်နှင့် မြို့ပြကျန်းမာရေးစောင့်ရှောက်မှု ကွာဟချက် နည်းနိုင်သမျှနည်းရန် စေတနာထား ဆောင်ရွက်ပေးထားပြီးဖြစ်ရာ ရရှိပြီးသား ဆေးရုံသုံးပစ္စည်းကိရိယာများ၊ အဆောက်အအုံများကို စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းသွားကြရမည်ဖြစ်ကြောင်း၊ ငွေကြေးမတတ်နိုင်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ကျန်းမာရေးကြီးကြပ်ကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် ဆေးပဒေသာပင်မှ အပြည့်အဝ ဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးသည် ကလေးဖျားနာဆောင်၊ သားဖွားဆောင်တို့ရှိ လူနာများ ဆေးဝါးကုသခံယူနေမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးသည် မြိတ်လေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိပြီး တပ်နယ်ခန်းမ၌ မြိတ်လေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ငြိုးမဖွဲ့သူ ရန်ငြိမ်း၏

ဤသူသည် ငါ့ကိုဆဲ၏။ ငါ့ကိုညှဉ်းပန်း၏။ ငါ့ကိုနိုင်၏။ ငါ၏ဥစ္စာကို ခိုး၏ ဟူ၍ စိတ်၌ အမျက်မထား၊ ရန်ငြိုးမဖွဲ့ကြသောသူတို့မှာ ရန်သည် အမြဲတမ်းငြိမ်းအေး၍ ကောင်းကျိုးသုခကို ခံစားကြရ၏။ ကောင်းသောမိတ်ဆွေများကို ရကြကုန်လေ၏။

(ဓမ္မပဒ ၄)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ပခုက္ကူမြို့ ကြီးရွာ လျှပ်စစ်မြစ်ရေတင် စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

❖ စပါးစိုက်ပျိုးမှ

အကျင့်စာရိတ္တကောင်းသည့်လူငယ်လူရွယ်များ ပေါ်ထွန်းရေးနှင့် နိုင်ငံတော်အတွက် အကျိုးပြုမည့် ပညာတတ်လူငယ်များ ပေါ်ထွန်းရေးတို့အတွက် စေတနာထား သင်ကြားပေးရန် မှာကြားပြီး သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးကာ ထောက်ပံ့ငွေများကို ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်သည် ပခုက္ကူမြို့ ဝင်းသူဇာအရောင်းဆိုင်နှင့် ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ အမှတ်(၁)မြို့မဈေး ပြန်လည်ပြုပြင်တည်ဆောက်ထားမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ ဗိုလ်ချုပ်ခင်ဇော်က စပါးစိုက်ပျိုးရာတွင် ဒေသဝမ်းစာဖူလုံမှု ပိုမိုတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ သုံးစွဲကြရန်၊ ပခုက္ကူခရိုင်တွင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများရှိရာ လယ်မြေများ၌ သီးထပ်သီးညှပ်စိုက်ပျိုးကြရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ပခုက္ကူခရိုင်အတွင်း မိုးစပါးနှင့် နွေစပါးစုစုပေါင်း ၉၉၀၄၃ ဧက စိုက်ပျိုးနိုင်ပြီး ခြံစည်းရိုးကြက်ဆူဧက ၁၃၅၆၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။ ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့ဝင်များသည် ကြီးရွာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ကြည့်ရှုစစ်ဆေးသည်။

ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ဧရာဝတီမြစ်မှ ရေအရင်းအမြစ်ရယူကာ ပခုက္ကူမြို့နယ် စက်မှုဇုန်နှင့် လေယာဉ်ကွင်း ပတ်ဝန်းကျင်ဒေသရှိ ဧက ၅၀၀၀ ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့ဝင်များသည် ပခုက္ကူမြို့နယ် ရွှေတန့်တစ် လျှပ်စစ်မြစ်ရေတင် နွေစပါးဧက ၁၅၀ စုပေါင်း ပျိုးခင်း၌ ရွှေမြန်မာစပါးမျိုး ကြဲပက်နေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်သည် ပခုက္ကူစက်မှုဇုန်သို့ ရောက်ရှိပြီး စက်မှုဇုန်မှထုတ်လုပ်ထားသည့် မော်တော်ဆိုင်ကယ်များ၊ မော်တော်ကားများ၊ စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့ဝင်များသည် ပခုက္ကူမြို့ ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းရှင်းလင်းဆောင်၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာန လက်ထောက်အထွေထွေမန်နေဂျာဦးမောင်မောင်သွင်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ခင်ဇော်က လိုအပ်သည်များ မှာကြားကာ ရထားလမ်းသစ်ဖောက်လုပ်နေမှုနှင့် ပခုက္ကူတက္ကသိုလ်အနီး ဘူတာရုံ တည်ဆောက်သည့်နေရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထူးအယူခံခုံရုံး နေပြည်တော်၌ ရုံးထိုင်

နေပြည်တော် ဇန်နဝါရီ ၂၉

တရားရုံးချုပ်(ရန်ကုန်) ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်(ရန်ကုန်) တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသည့် ဦးမြင့်သိန်းနှင့် ဦးချစ်လွင်တို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယမန်နေ့ နံနက် ၁၀ နာရီတွင် တရားရုံးချုပ်(နေပြည်တော်) တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ(၇)အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှုလေးမှုနှင့် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ(၈)အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှုတစ်မှုတို့ကို ကြားနာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဃ်န်းကျွန်း အထက(၃) အာစရိယပူဇော်

ရန်ကုန် ဇန်နဝါရီ ၂၉

သင်္ဃန်းကျွန်းမြို့နယ် အထက(၃) ကျောင်း ၁၉၆၉-၈၁ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာများအား ပူဇော်ပွဲကို ဇန်နဝါရီ ၂၇ ရက်က မြည်လာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူဟောင်းများက ကန်တော့ကြိုးဖြင့် ဆရာကြီး၊ ဆရာမကြီးများအား လက်အုပ်ချီမိုး ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ ဆရာကြီးများကိုယ်စား ဆရာကြီး ဦးရန်နိုင်နှင့် ဆရာမကြီးများကိုယ်စား ဆရာမကြီး ဒေါ်မြမြတို့က ဩဝါဒအမှာစကားများ ချီးမြှင့်ကြသည်။ ထို့နောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဌေး၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ကျင်းပရေးအကျိုးဆောင်များနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများက ဆရာကြီး၊ ဆရာမကြီး ၅၀ တို့အား တစ်ဦးလျှင် လှူဒါန်းငွေကျပ် ၆၀၀၀၀ နှင့် လှူဖွယ်ပစ္စည်းများ တန်ဖိုးကျပ် ၄၀၀၀၀ ခန့်တို့ဖြင့် ပူဇော်လှူဒါန်းကြသည်။

(ဝဲပုံ) (၅၀၆)

ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးကို ဖေဖော်ဝါရီ ၂ ရက်(စနေနေ့) ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI Office Tower မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစည်းအဝေးသို့ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

နျူကလီးယားပြဿနာအပေါ် ထိန်းချုပ်ထားရန် အီရန်က လုံခြုံရေးကောင်စီသို့ မေတ္တာရပ်ခံ

ဒါဗို့စ်(ဆွစ်ဇာလန်) ဇန်နဝါရီ ၂၉

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အနေဖြင့် နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီမှ အစီရင်ခံစာမထုတ်ပြန်မီ ဖေဖော်ဝါရီ ၂၀ ရက်အထိ ကန့်သတ်အရေးယူ ဆောင်ရွက်မှုများမလုပ်ရန် အီရန် နိုင်ငံခြားရေးဝန်ကြီး မော်တာကီက စနေနေ့တွင် တိုက်တွန်းလိုက်သည်။

လုံခြုံရေးကောင်စီက ထိန်းချုပ်မှုပြုလုပ်နိုင်ရန် တိုက်တွန်းပါကြောင်း ကမ္ဘာ့စီးပွားရေးဖိုရမ် အစည်းအဝေးကျင်းပစဉ် မော်တာကီက ပြောကြားသည်။

မိမိတို့က နျူကလီးယား မပြန့်ပွားရေး စာချုပ်ကို ထောက်ခံပြီး ယင်းကိစ္စနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် စေ့စပ်ညှိနှိုင်းရန် အသင့်ရှိသည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။ ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ အမေရိကန်နှင့် ရုရှားတို့၏ အဆိုပြုချက်အရ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အီရန်အပေါ် နောက်ထပ် အရေးယူ ကန့်သတ်မှုများ ပြုလုပ်လာဖွယ်ရှိကြောင်း ဝေဖန်သုံးသပ်မှုများ ထွက်ပေါ်လာပြီးနောက် မော်တာကီက ဝေဖန်ပြောကြားခဲ့ခြင်း ဖြစ်သည်။

အီရန်နိုင်ငံ၏ နျူကလီးယား ပြဿနာ ဖြေရှင်းရန်အတွက် အိုင်အေအီးအေမှ စစ်ဆေးရေးမှူးများ စေလွှတ်ရန် ကိစ္စအပေါ် အီရန်နှင့် အထင်ကရ ခြောက်နိုင်ငံတို့အတွင်း နားလည်မှု ရရှိထားပြီဟု မော်တာကီက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရာဇဝတ်မှုများ ဖြို့ခွင်းရန် တရုတ်၌ စီမံချက်ချဆောင်ရွက်

ပေကျင်း ဇန်နဝါရီ ၂၉

တရုတ်နိုင်ငံတစ်ဝန်းလုံးတွင် ဓားပြမှုနှင့် အခြားပြစ်မှုများကို ဖေဖော်ဝါရီလမှစ၍ စီမံချက်ချ ဖြို့ခွင်းသွားမည်ဖြစ်ကြောင်း တရုတ်ရဲဘက်ဆိုင်ရာ အာဏာပိုင်များက ဇန်နဝါရီ ၂၅ ရက်တွင် ပြောကြားသည်။ ရှစ်လတာ စီမံချက်ချ ဖြို့ခွင်းမည့် အမှုများတွင် ဓားပြမှု၊ ဖောက်ထွင်းမှု၊ ကားခိုးမှုနှင့် ရာဇဝတ်ပြစ်မှုကြီးတို့ ပါဝင်ကြောင်း ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန (အမ်ပီအက်စ်)က ပြောကြားသည်။ မကြာသေးမီလများက ဓားပြမှုများ ဖြစ်ပွားလျက်ရှိသည့်အတွက် ပြည်သူများ၏ အသက်စည်းစိမ်ကို စိုးရိမ်ဖွယ်ရှိသည့်အပြင် လူမှုရေးကိုလည်း ထိခိုက်စေကြောင်း အမ်ပီအက်စ် ဒုတိယဝန်ကြီး ဇန်းဇင်ဖန်က ပြောကြားသည်။

ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်ရေးသည် မိမိတို့ ဌာနတာဝန်ဖြစ်ကြောင်း၊ ပြည်သူများအတွက် ဘေးအန္တရာယ်မှ လုံခြုံရေး ပိုမိုအားထုတ်ကြိုးပမ်းရမည် ဖြစ်ကြောင်း၊ အထူးသဖြင့် နွေဦးရာသီပွဲတော်၊ အမျိုးသားပြည်သူ့လွှတ်တော်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အစည်းအဝေးပွဲနှင့် ၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်တို့တွင် ပြည်သူများ လုံခြုံဘေးကင်းရေးတို့ကို ထမ်းရွက်ရမည်ဖြစ်ကြောင်း ဇောင်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရေကြောင်းကုန်စည်ပို့ဆောင်စရိတ် တိုးမြှင့်ရန် ဘင်္ဂလားဒေ့ရှ်၌ စီစဉ်လျက်ရှိ

ဒါကာ ဇန်နဝါရီ ၂၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်မှစ၍ ရေကြောင်းကုန်စည်ပို့ဆောင်စရိတ်များကို ၄၀ ရာခိုင်နှုန်းခန့် တိုးမြှင့်ရန် သယ်ယူပို့ဆောင်ရေး ကုမ္ပဏီများက စီစဉ်လျက်ရှိကြောင်း၊ ထိုအစီအစဉ်ကြောင့် သွင်းကုန်နှင့် တင်ပို့ကုန်လုပ်ငန်းများ၌ စရိတ်တိုးမြှင့်လာမည် ဖြစ်ကြောင်း ဘဏ္ဍာရေးဆိုင်ရာ သတင်းဌာနက ဇန်နဝါရီ ၂၆ ရက်တွင် ဖော်ပြခဲ့သည်။ ပေ ၂၀ ရှိ ကုန်သေတ္တာတစ်လုံးအတွက် ပို့ဆောင်ခသည် အမေရိကန် ဒေါ်လာ ၁၀၀ အထိ တိုးမြှင့်မည်ဖြစ်ပြီး ပေ ၄၀ ရှိ ကုန်သေတ္တာအတွက် စရိတ်မှာ အမေရိကန် ဒေါ်လာ ၂၀၀ အထိ တိုးမြှင့်မည်ဖြစ်ကြောင်း သတင်း၌ ဖော်ပြထားသည်။

မျက်မှောက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်း စစ်တကောင်းဆိပ်ကမ်းမှ စင်ကာပူဆိပ်ကမ်းအထိ ကုန်စည်ပို့ဆောင်စရိတ်သည် ပေ ၂၀ ကုန်သေတ္တာတစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၂၆၀ မှ ၂၈၀ အကြားတွင် ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကင်ညာနိုင်ငံ ရစ်ဗယ်လီဒေသရှိ နကူရူးမြို့တွင် အကြမ်းဖက်ဆူပူသောင်းကျန်းနေသူများကို ဇန်နဝါရီ ၂၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကင်ညာတွင် လက်စားချေတိုက်ခိုက်မှုများ ပျံ့နှံ့လျက်ရှိ

နိုင်ရိုဘီ ဇန်နဝါရီ ၂၉

ဆန့်ကျင်ဘက်အုပ်စုနှစ်စုအကြား ဆူပူအကြမ်းဖက်မှုများသည် ဇန်နဝါရီ ၂၈ ရက်ကလည်း ဆက်လက်ဖြစ်ပွားနေသည့်အတွက် လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့သည့်အပြင် ရစ်ဗယ်လီဒေသမှ ထောင်ပေါင်းများစွာသော လူများသည် အိုးအိမ်ကို စွန့်ခွာကာ ထွက်ပြေးလျက်ရှိကြောင်း မီဒီယာများက ဖော်ပြသည်။

နီဗားရှားမြို့သည် ကင်ညာနိုင်ငံတွင် ပန်းထွက်သောမြို့၊ ခရီးသွားလုပ်ငန်း စည်ပင်သောမြို့၊ စီးပွားရေး ကောင်းသောမြို့အဖြစ် ထင်ရှားသည်။ သို့ရာတွင် ယခုအခါ ဆူပူမှုများ ဖြစ်ပွားလျက်ရှိသဖြင့် တည်ငြိမ်မှု ပျက်ပြားကာ ပြည်သူများ စိုးရိမ်ထိတ်လန့်နေကြရသည်။ မြို့တွင်းတွင် လျူအိုနှင့် ကလန်ဂျင်အုပ်စုများသည် ကီကူယူအုပ်စုများနှင့် တိုက်ခိုက်လျက်ရှိသည်။ ထိုလူစုများသည် ပုဆိန်များ၊ တုတ်များ၊ ဓားများ ဆောင်ကာ ရမ်းကားလျက်ရှိသည်။

ဒီဇင်ဘာ ၂၇ ရက်က ကျင်းပသော ရွေးကောက်ပွဲတွင် မဝါကီဘာကီက အနိုင်ရရှိသွားပြီး အစိုးရအဖွဲ့ ဖွဲ့စည်းကာ နိုင်ငံကို တာဝန်ယူလျက်ရှိသည်။ ရွေးကောက်ပွဲ၌ မဲညစ်၍ ကီဘာကီ အနိုင်ရသွားသည်ဟု ဆန့်ကျင်ဘက်အဖွဲ့အစည်း အောရင့် ဒီမိုကရက်တစ်ပါတီ လှုပ်ရှားမှု အဖွဲ့ခေါင်းဆောင် ရာလာအိုဒင်ဂါက စွပ်စွဲသည်။ ကင်ညာတွင် အဓိကရုဏ်းကြောင့် ယနေ့အထိ လူ ၈၀၀ ကျော် သေဆုံးရပြီဖြစ်သည်။

အင်တာနက်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် နှင်းမုန်တိုင်းများကျရောက်၍ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်လျက်ရှိရာ ပေကျင်းမြို့ ဘူတာရုံကြီးတွင် ခရီးသည် ထောင်ပေါင်းများစွာ သောင်တင်နေသည်ကို ဇန်နဝါရီ ၂၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တူရကီနိုင်ငံဂါဇီယန်တက်ဒေသ၌ လုံခြုံရေး ဆောင်ရွက်နေသော အကြမ်းဖက်မှု နှိမ်နင်းရေးတပ်ဖွဲ့ဝင်များကို ဇန်နဝါရီ ၂၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ပြင်းထန်သည့်နှင်းမုန်တိုင်းများ ကျရောက်မှု တရုတ်နိုင်ငံ၌ သတိပေးချက်ထုတ်ပြန်

ပေကျင်း ဇန်နဝါရီ ၂၉

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အလယ်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် ပြင်းထန်သည့် နှင်းမုန်တိုင်းများ ကျရောက်နိုင်ကြောင်း သတိပေးချက်တစ်ရပ်ကို တရုတ်မိုးလေဝသအုပ်ချုပ်ရေးအဖွဲ့ (စီအင်မ်အေ)က တနင်္လာနေ့တွင် ထုတ်ပြန်သည်။

ဟူနန်ပြည်နယ်မြောက်ပိုင်း၊ ဟူဘေးပြည်နယ်အရှေ့ပိုင်း၊ ဟီနန်ပြည်နယ်အရှေ့တောင်ပိုင်း၊ စီကျန်းပြည်နယ်အနောက်မြောက်ပိုင်း၊ အန်ဟွေးနှင့် ကျန်စုပြည်နယ် အနှံ့အပြားတို့တွင် တနင်္လာနေ့က နှင်းများ ထူထပ်သိပ်သည်းစွာ ကျရောက်ခဲ့ရာ ယင်းဒေသများအတွင်း နှင်းမုန်တိုင်းများ ကျရောက်လာဖွယ်ရှိကြောင်း စီအင်မ်အေက ထုတ်ပြန်သည်။

ကွမ်ကျိုး၊ ဟူနန်၊ ကျန်စီကျန်း၊ ကွမ်ရှီး၊ အန်ဟွေးနှင့် စီကျန်းဒေသများ၏ အချို့အစိတ်အပိုင်းများတွင် နှင်းမိုးများရွာကျနိုင်ကြောင်း သတိပေးထားပြီး ပို့ဆောင်ဆက်သွယ်ရေး၊ ရထားပို့ဆောင်ရေး၊ လျှပ်စစ်ဓာတ်အားနှင့် ဆက်သွယ်ရေးလုပ်ငန်းဌာနများအနေဖြင့်လည်း ကြိုတင်ပြင်ဆင်ထားကြရန် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများအား ကြိုတင်သတိပေးထားသည်။

ယင်းဒေသများ၌ နေထိုင်ကြသူများအနေဖြင့်လည်း မလိုအပ်ဘဲ ပြင်ပသို့ ထွက်၍ သွားလာလှုပ်ရှားမှုများ မပြုလုပ်ကြရန် စီအင်မ်အေက အကြံပေးထားကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

မကြာမီကျရောက်တော့မည့် တရုတ်နှစ်သစ်ကူးကာလအတွက် တရုတ်နိုင်ငံတစ်ဝန်း ခရီးသွားလာမှုများပြားသည့် ရာသီဖြစ်သော်လည်း ရာသီဥတုဆိုးရွားမှုကြောင့် ခရီးသည်အများအပြားမှာ လေဆိပ်နှင့်ဘူတာရုံများတွင် သောင်တင်နေကြရသည်။ နှင်းများ အလွန်အမင်း ကျဆင်းနေမှုကြောင့် တရုတ်နိုင်ငံတစ်ဝန်းမှ လေဆိပ် ၁၉ခုကို ပိတ်ထားရပြီး လေကြောင်းခရီးစဉ်အများအပြားကို ဖျက်သိမ်းရွှေ့ဆိုင်းထားရကြောင်း မီဒီယာများတွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကြေးမုံ The Mirror နိုင်ငံတကာရေးရာသတင်းများ

အမေရိကန် အထက်လွှတ်တော်အမတ် အက်ဒ်ဝပ်ကနေဒီ သမ္မတလောင်း အိုဘားမားကို ထောက်ခံ

ဝါရှင်တန် ဇန်နဝါရီ ၂၉

အထက်လွှတ်တော်အမတ် အက်ဒ်ဝပ်ကနေဒီသည် အမေရိကန် အကြိုအခြေခံသမ္မတရွေးချယ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသော ဘာရက်အိုဘားမားအား ထောက်ခံကြောင်း ဒီမိုကရက်တစ်အသိုင်းအဝိုင်းက တနင်္လာနေ့တွင် ထုတ်ဖော်ပြောကြားသည်။

အက်ဒ်ဝပ်ကနေဒီသည် လုပ်ကြံခံခဲ့ရသော အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေဒီ၏ ညီအငယ်ဆုံးဖြစ်ပြီး နိုင်ငံရေးလောက၌ ထင်ရှားသူတစ်ဦးဖြစ်သည်။ အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်တွင် မဲဆွယ်စကားပြောကြားရာ၌ ကနေဒီက အိုဘားမားကို ထောက်ခံကြောင်း ပြောကြားသည်။

ဝါရှင်တန်တက္ကသိုလ်တွင် စကားပြောကြားရာ၌ ကနေဒီနှင့်အတူ ၎င်း၏တူမဖြစ်သူ ကယ်ရိုလိုင်းကနေဒီလည်း လိုက်ပါကြသည်။ သူမသည် သေဆုံးသွားသူ သမ္မတဟောင်း ဂျွန်အက်ဖ်ကနေဒီ၏ သမီးဖြစ်သည်။ သူမသည်လည်း အိုဘားမားကိုထောက်ခံသူဖြစ်သည်။ ကယ်ရိုလိုင်းကနေဒီက တနင်္ဂနွေနေ့ထုတ် နယူးယောက်တိုင်းမ်သတင်းစာတွင် အိုဘားမားနှင့်ပတ်သက်၍ အိုဘားမားသည် သမ္မတကနေဒီနည်းတူ အမေရိကန်နိုင်ငံနှင့် ပြည်သူများကို ဦးဆောင်နိုင်မည့်သူဖြစ်ကြောင်း ရေးသားဖော်ပြခဲ့သည်။

အက်ဒ်ဝပ်ကနေဒီ၏ထောက်ခံချက်နှင့်ပတ်သက်၍ မည်သို့ရှုမြင်ပါသနည်းဟု သတင်းထောက်များက အိုဘားမားကို မဲဆွယ်ခရီးထွက်နေစဉ် လေယာဉ်ပျံပေါ်၌ မေးမြန်းခဲ့ရာ မိမိအနေဖြင့် ထိုကိစ္စရပ်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ဝေဖန်ပြောကြားလိုခြင်းမရှိကြောင်း ကာယကံရှင် ကနေဒီကသာလျှင် လူထုကို အသိပေးပြောကြားသွားမည်ဖြစ်ကြောင်း အိုဘားမားက ပြန်လည်ဖြေကြားခဲ့သည်။ အက်ဒ်ဝပ်ကနေဒီနှင့် ကလင်တန်မိသားစုသည် ရင်းနှီးခင်မင်သူများဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်တွင် အိုဘားမားကို ထောက်ခံဆွေးနွေးနေသော အက်ဒ်ဝပ်ကနေဒီ။
(ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယားနိုင်ငံတွင် ဝန်ကြီးချုပ်သစ် ရွေးချယ်ခန့်အပ်

ဆိုးလ် ဇန်နဝါရီ ၂၉

အပြည်ပြည်ဆိုင်ရာနယ်ပယ်နှင့် စီးပွားရေးနယ်ပယ်တွင် အတွေ့အကြုံရှိသူ ဝါရင့်ပုဂ္ဂိုလ်တစ်ဦးအား တောင်ကိုရီးယားနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်အပ်လိုက်သည်။

တောင်ကိုရီးယားနိုင်ငံ ဝန်ကြီးချုပ်သစ် ဟန်စောင်စူး။

သမ္မတလီမြောင်ဘက်က ဝန်ကြီးချုပ်အဖြစ် တာဝန်ပေးလိုက်သူမှာ ဟန်စောင်စူး ဖြစ်သည်။ ၎င်းသည် ကုလသမဂ္ဂ၏ ရာသီဥတု ပြောင်းလဲရေးဆိုင်ရာ သံတမန်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

တာဝန်ထမ်းဆောင်ခဲ့

ဟန်သည် အဆင့်မြင့်ရာထူးများစွာတွင် တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်သည်။ ၎င်းသည် ၂၀၀၁ ခုနှစ်မှ ၂၀၀၂ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၉၆ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ဘဏ္ဍာရေးဝန်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့အပြင် ဥပဒေပြုအဖွဲ့တွင် သုံးကြိမ်တာဝန်ယူခဲ့ပြီး ၂၀၀၁ ခုနှစ်မှ ၂၀၀၂ခုနှစ်အတွင်းလည်း ကုလသမဂ္ဂ အထွေထွေညီလာခံ၌ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ဖူးသည်။ **အင်တာနက်။**

အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် ဒဏ်ရာရသွားသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ရဟတ်ယာဉ်ဖြင့် သယ်ဆောင်ရန် ပြင်ဆင်နေသည်ကို ဇန်နဝါရီ ၂၈ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်နိုင်ငံ မိုဆူးလ်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး အသတ်ခံရ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၉

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် တနင်္လာနေ့က အမေရိကန်ကင်းလှည့်တပ်ဖွဲ့အနီးတွင် လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲခဲ့ပြီးနောက် လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ငါးဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ဖော်ပြသည်။

အဆိုပါကိစ္စရပ် ဖြစ်ပွားပြီးနောက် အခင်းဖြစ်ပွားရာနေရာကို အမေရိကန်နှင့် အီရတ်တပ်ဖွဲ့များ ဝိုင်းထားလိုက်သည်။ ထိုကိစ္စရပ်သည် လပေါင်းများစွာအတွင်း ဖြစ်ပွားသည့် တိုက်ခိုက်မှုများတွင် အမေရိကန်တပ်ဖွဲ့ဝင် အသေအပျောက်များပြားသောဖြစ်ရပ်တစ်ခုဖြစ်သည်။သို့သော် ၎င်းကိစ္စရပ်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို မသိရသေးပေ။

မိုဆူးလ်မြို့အရှေ့ဘက် အယ်လ်ခိုင်ဒါ အခိုင်အမာတပ်စခန်းဖြစ်သော ဟေဆူးမားအနီးပတ်ဝန်းကျင်တွင် တိုက်ပွဲများဖြစ်ပွားခဲ့သည်ဟု အီရတ်စစ်ဘက်နှင့် ရဲဘက်က ပြောကြားသည်။ မိုဆူးလ်မြို့သည် အီရတ်နိုင်ငံ၏ တတိယအကြီးဆုံးမြို့ဖြစ်ပြီး ဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ ၃၉၀ သာ ကွာဝေးကြောင်း သိရသည်။

ယခုတိုက်ပွဲတွင် သေဆုံးသူများကိုပါထည့်ပေါင်းလျှင် ဇန်နဝါရီလအတွင်း သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၃၆ဦး ရှိသွားပြီဖြစ်သည်။ ထိုသေဆုံးမှုအရေအတွက်သည် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း အမေရိကန်တပ်ဖွဲ့ဝင်သေဆုံးမှုနှင့် ညီမျှသော်လည်း ဒီဇင်ဘာလအတွင်း သေဆုံးမှုမှာ ၂၃ ဦးသာရှိသည်။ **အမ်အင်အေ၊ရိုက်တာ။**

အမေရိကန် တိုက်ခိုက်ရေးတပ်ဖွဲ့များ တိုးချဲ့မည့် အဆိုပြုချက် ပါကစ္စတန်သမ္မတ လက်မခံဘဲ ပယ်ချ

နယူးယောက် ဇန်နဝါရီ ၂၉

ပါကစ္စတန်နိုင်ငံမှ အယ်လ်ခိုင်ဒါ၊ တာလီဘန်ပြောက်ကျားနှင့် အခြားစစ်သွေးကြွအုပ်စုများ၊ သောင်းကျန်းသူလူမျိုးစုများနေထိုင်ရာ ဒေသများတွင် စစ်ဆင်ရေးများ ပြုလုပ်နိုင်ရန်အတွက် စီအိုင်အေက လုပ်ပိုင်ခွင့်ပေးစေမည့် အမေရိကန်၏အဆိုပြုချက်များကို ပါကစ္စတန်သမ္မတမူရှာရက်ဖ်က ပယ်ချကြောင်း တနင်္ဂနွေထုတ် နယူးယောက်တိုင်းမ်သတင်းစာတွင် ဖော်ပြထားသည်။

အမေရိကန်-ပါကစ္စတန်တာဝန်ရှိပုဂ္ဂိုလ်များ၏ ပြောကြားချက်အပေါ် သတင်းစာက ရေးသားခြင်းဖြစ်သည်။

ပါကစ္စတန်နှင့် အမေရိကန်တာဝန်ရှိပုဂ္ဂိုလ်များသည် ပူးပေါင်းကြိုးပမ်းရေးကိစ္စကို ယခုအခါ ဆွေးနွေးနေကြသည်။

ယင်းဆွေးနွေးချက်များတွင် လက်နက်တပ်ဆင်ထားသည့် ပရီဒေတာအမည်ရှိ ထောက်လှမ်းရေးယာဉ်များနှင့် မစ်ရှင်အဖွဲ့ ဦးရေတိုးမြှင့်ပြီး လူမျိုးစုများနေထိုင်ရာဒေသတွင် ဖြန့်ကြက်ထားပြီး စစ်သွေးကြွ သက်ာမကင်းဖြစ်ရသူများကို အမေရိကန်က ပါကစ္စတန်သို့ သတင်းအမြန်ပေးပို့မည့် နည်းလမ်းများပါဝင်သည်။

မူရှာရက်ဖ်က ပါကစ္စတန်တွင် အမေရိကန်တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များ တိုးချဲ့ဖြန့်ကြက်မှု အဆိုပြုချက်များကို ပယ်ချသည်။

အမ်အင်အေ၊ရိုက်တာ။

အာဟာရမပြည့်ဝ၍ နေ့စဉ်ကလေး ၉၀၀ခန့် ဘင်္ဂလားဒေ့ရှ်တွင်သေဆုံး

ဒါကာ ဇန်နဝါရီ ၂၉

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မွေးကင်းစကလေးငယ် ၉၀၀ ခန့်သည် အာဟာရချို့တဲ့မှုကြောင့် သေဆုံးနေရကြောင်း ကလေးအထူးကု ဆရာဝန်တစ်ဦးက ပြောကြားသည်။ ကလေးဘဝတွင် အာဟာရချို့တဲ့မှု ဒဏ်ရာဒဏ်ချက်သည် လူကြီးဘဝအထိ ဆက်လက် သယ်ဆောင်သွားသည်သာမက နောက်မျိုးဆက်အထိတိုင်အောင် ဆက်၍ ကူးစက်သွားကြောင်း ကျန်းမာရေးဆီမီနာ အစည်းအဝေးတွင် ပါမောက္ခ ကူဒရတ် အီးကူဒါတာလုခ်ဒါက ပြောကြားသည်ကိုကိုးကား၍ တနင်္လာနေ့ထုတ် ဒေးလီးစတားသတင်းစာတွင် ဖော်ပြသည်။

အစည်းအဝေးကို မိခင်နှင့်ကလေး အာဟာရချို့တဲ့မှု ဟူသော ခေါင်းစဉ်ဖြင့် အပြည်ပြည်ဆိုင်ရာ ဝမ်းဖော ဝမ်းရောင်ရောဂါ သုတေသန ဗဟိုက ကြီးမှူးကျင်းပခြင်းဖြစ်သည်။ ထိုအစည်းအဝေးသို့ ကလေးကျန်းမာ ရေးပညာရှင်များ၊ ဆရာဝန်များ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံနှင့် အဖွဲ့အစည်းများ တက်ရောက်ကြသည်။

ကမ္ဘာ့နာမည်ကြီး ဆေးသိပ္ပံမဂ္ဂဇင်း လင်ဆက်(Lancet)၏ အဆိုအရ ကမ္ဘာတစ်ဝန်းတွင် အာဟာရဓာတ်ချို့တဲ့မှုကြောင့် နှစ်စဉ်မိခင်နှင့် ငါးနှစ်အောက်ကလေး ၃ ဒသမ ၅သန်း တို့ မသေသင့်ဘဲ သေကျေကြရသည်ဟု ဆိုသည်။ **အင်တာနက်။**

ဖိလစ်ပိုင်အလယ်ပိုင်း၌ စစ်ဘက်ရဟတ်ယာဉ်ပျက်ကျ

မနီလာ ဇန်နဝါရီ ၂၉

ဖိလစ်ပိုင်လေတပ်ဖွဲ့မှ ရဟတ်ယာဉ်တစ်စင်းသည် နိုင်ငံအလယ်ပိုင်း၌ ပျက်ကျကြောင်း ဖိလစ်ပိုင်စစ်ဘက်ဆိုင်ရာက ဇန်နဝါရီ ၂၈ရက်တွင် ပြောကြားသည်။

ရဟတ်ယာဉ်ပျက်ကျမှုတွင် လိုက်ပါလာသူ ကိုးဦးစလုံး အသက်ဘေးမှ လွတ်မြောက်ခဲ့သော်လည်း ငါးဦးမှာဒဏ်ရာအနည်းငယ်ရရှိကြောင်း လေတပ်ဖွဲ့က ထုတ်ပြန်သည့် ကနဦးသတင်း၌ ဖော်ပြသည်။

ယူအိပ်ချ်-၁ အိပ်ချ် ရဟတ်ယာဉ်သည် ဇန်နဝါရီ ၂၇ညနေပိုင်းကဟိုလိုဒေသမှ စီဘူးမတ်တန်လေဆိပ်အခြေစိုက်စခန်းသို့ ပျံသန်းစဉ် အုန်းပင်နှင့် တိုက်မိပြီး မြက်တောအတွင်း ပျက်ကျခဲ့သည်။

ရဟတ်ယာဉ်၏ ဒလက်အဖျားပိုင်းနှင့် ပင်မပန်ကာဒလက်တို့ ပျက်စီးပြီး ရဟတ်ယာဉ် ၏ကုန်ခန်းတံခါးများ ပျက်စီးခဲ့သည်ဟု သတင်းထုတ်ပြန်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ထိုင်း၌ ရထား လမ်းချော်တိမ်းမှောက်

ဗန်ကောက် ဇန်နဝါရီ ၂၉

ထိုင်းနိုင်ငံ အလယ်ပိုင်း နာခွန်ဆာဝန်ပြည်နယ်တွင် ဇန်နဝါရီ ၂၇ရက် နံနက်က ဗန်ကောက်မြို့နှင့် မြောက်ပိုင်းဒေသသို့ ပြေးဆွဲသည့်ရထား လမ်းချော်မှုဖြစ်ရာ ရထားများအားလုံး ပြေးဆွဲမှု ရပ်ဆိုင်းသွားကြောင်း ဗန်ကောက်ပို့စ် ဝက်ဘ်ဆိုက်၌ တင်ပြထားသည်။

နိုင်ငံမြောက်ပိုင်း သာပန်ဟင်မြို့သို့ ပြေးဆွဲနေသည့် ရထားသည် ဇန်နဝါရီ ၂၇ရက် နံနက်က နာခွန်ဆာဝန်ပြည်နယ် ချမ်ဆန်ဘူတာရုံ၌ လမ်းချော်တိမ်းမှောက်ခဲ့ကြောင်း အဆိုပါဝက်ဘ်ဆိုက်တွင် တင်ပြထားသည်။

ချမ်ဆန်ဘူတာရုံ၌ ရထားလမ်းချော်မှုကြောင့် ပြေးဆွဲနေသည့် ရထားခရီးစဉ်များ ရပ်ဆိုင်းသွားသည်။ အဆိုပါရထားလမ်းသည် ဗန်ကောက်မြို့နှင့် နိုင်ငံမြောက်ပိုင်းဒေသတို့ကို ဆက်သွယ်ထားသည့် တစ်ခုတည်းသော ရထားလမ်းဖြစ်သည်။ ထိခိုက်ဒဏ်ရာရရှိသူဦးရေကို မသိရှိရသေးဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး အကျိုးပြုလျက်ရှိသော ရန်ကုန်–မန္တလေး ဈေးသင်္ဘောကြီး

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေး ဌာနခွဲသည် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးအတွက် ရန်ကုန်–မန္တလေး ဈေးသင်္ဘောကြီးကို ၁၉၉၃ခုနှစ်၊ ဇန်နဝါရီလ ၁ရက်နေ့မှစ၍ ၅၉၇မိုင်ဝေးကွာသော ရန်ကုန်–မန္တလေးခရီးလမ်းကို တစ်ခေါက်လျှင် ၅၃ရက်ဖြင့် ယနေ့တိုင် အောင်မြင်စွာ ပြေးဆွဲလျက်ရှိပါသည်။

ရန်ကုန်–မန္တလေး ခရီးစဉ်တစ်လျှောက် ရောင်းဝယ်ဖောက်ကားမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ခရီးလမ်းတစ်လျှောက် မြို့ရွာကျေးလက်များတွင် မှီတင်းနေထိုင်ကြသော ပြည်သူများသည် အထက်အညာဒေသများမှ ဒေသထွက်ကုန်များနှင့် အောက်အရပ်ဒေသထွက်ကုန်များကို မိမိတို့ဒေသ၌ပင် ဈေးနှုန်းချိုသာစွာ အလွယ်တကူ ဝယ်ယူနိုင်ရန် ရည်ရွယ်၍ ဈေးသင်္ဘောများကို ပြေးဆွဲပေးလျက်ရှိပါသည်။

ဈေးသင်္ဘောများဖြင့် ပြည်သူကိုတိုက်ရိုက်ရောင်းချသည့် နယ်လှည့်အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချသည့် စနစ်သည် တိုင်းရင်းသားပြည်သူများအတွက် အကျိုးရှိသော လုပ်ဆောင်ချက်ဖြစ်သည်။ မြစ်ကြောင်းတစ်လျှောက်ရှိ ပြည်သူများသည် ဈေးသင်္ဘောကြီးကို တွေ့ရသည့်အခါ ကုန်တိုက်ကြီးတစ်ခု ရေပေါ်တွင် ရွေ့လျားပြီး မိမိတို့ဆိပ်ကမ်းသို့ ရောက်ရှိလာသကဲ့သို့ ဝမ်းသာကြသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် **"ပို့ဆောင်ခြင်းဖြင့် စီးပွားမြှင့်အံ့"** ဟူသော ဝန်ကြီးဌာန၏ ရည်မှန်းချက်နှင့်အညီ ပြည်သူများ၏ လူမှုရေး၊ စီးပွားရေးကိစ္စရပ်များကို အဆင်ပြေချောမွေ့စေရေးအတွက် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါသည်။

ဈေးသင်္ဘောကြီးအဆင်ပြေစွာထွက်နိုင်ရေးအတွက် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ကွပ်ကဲဆောင်ရွက်နေသည်။ စနစ်တကျ စီစဉ်ညွှန်ကြားမှု၊ ဝန်ထမ်းများ၏ ကြိုးစားဆောင်ရွက်မှုတို့ကြောင့် ဈေးသင်္ဘောတစ်ခေါက်လျှင် လျာထားဝင်ငွေထက် ကျော်လွန်စွာ ရရှိနေပေသည်။

ရေယာဉ်များဖြင့် နိုင်ငံပိုင်အဖွဲ့အစည်းများ၏ စီမံကိန်းဝင် ကုန်ပစ္စည်းများ၊ သွင်းကုန်ပို့ကုန်ပစ္စည်းများ၊ ဝန်ကြီးဌာနများ၏ ကုန်ပစ္စည်းများ၊ အလုပ်ရုံ စက်ရုံများမှ ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ သမဝါယမနှင့် ပုဂ္ဂလိက ကုန်ပစ္စည်းများကို ပို့ဆောင်ပေးလျက်ရှိသည်။

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးသည် ပြည်သူအတွက် ဈေးသင်္ဘောကြီးများကို စဉ်လာမပျက် ပြေးဆွဲလျက်ရှိရာ ရန်ကုန်–မန္တလေး ခရီးစဉ်တစ်လျှောက်တွင် မြသီတာ၊ မြမာလာ၊ မြနန္ဒာ၊ မြစန္ဒာ သင်္ဘောကြီးလေးစင်းဖြင့် ပြေးဆွဲလျက် ၁၉၉၃ခုနှစ်မှစ၍ ဈေးသင်္ဘောအား "မြ"အမျိုးအစားရေယာဉ်ကြီးများဖြင့် ဈေးတွဲတစ်တွဲနှင့် ကုန်တွဲတစ်တွဲ ဆွဲ၍ စတင်ပြေးဆွဲပေးခဲ့ပါသည်။ ယခုအခါ ဈေးတွဲနှစ်တွဲဖြင့် ပြေးဆွဲလျက်ရှိပြီး ရေယာဉ်နှင့်ဈေးတွဲ နှစ်တွဲတွင် ပုဂ္ဂလိကဆိုင်ခန်း ၄၀ လိုက်ပါရောင်းချလျက်ရှိပါသည်။

ဈေးသင်္ဘောအား ဘဏ္ဍာရေးနှစ်အလိုက် သွား/ပြန် လေးခေါက် ပြေးဆွဲနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပါသည်။ သင်္ဘောပေါ်တွင် ခရီးရှည်ခရီးသည် ၇၀၆ဦး တင်ဆောင်နိုင်ပြီး သင်္ဘောနှင့်ဈေးတွဲနှစ်တွဲပါ ရေယာဉ်တစ်စုံတွင် ရေများချိန်၌ တန် ၁၄၀၀နှင့် ရေနည်းချိန်၌ တန် ၁၂၅၀ တင်နိုင်စွမ်းရှိပါသည်။

ဝန်ကြီးဌာန ကိုယ်စားပြု အရောင်းဆိုင်များကို ၁၉၉၉ခုနှစ် ခေါက်ရေ (၈) မြနန္ဒာရေယာဉ်မှ စတင်၍ လိုက်ပါရောင်းချစေခဲ့ပါသည်။ ရန်ကုန်–မန္တလေးဈေးသင်္ဘောကြီးများတွင် ဝန်ကြီးဌာနအရောင်းဆိုင်



များအနေဖြင့် ကုန်ပစ္စည်းမျိုးစုံကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးပါသည်။

သင်္ဘောပေါ်တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဆိုင်ခန်းများဖွင့်လှစ်၍ အထည်အလိပ်များ၊ စားသောက်ကုန်များ၊ ဆေးဝါးပစ္စည်းများ၊ ကြွေရည်သုတ် ပစ္စည်းများ၊ မြေထည်ပစ္စည်းများ၊ စက္ကူနှင့်ဓာတုဗေဒပစ္စည်းများ၊ အထွေထွေကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ စက်ကိရိယာမျိုးစုံ၊ လယ်ယာသုံးစက်ပစ္စည်းများ၊ သမဝါယမဝန်ကြီးဌာနမှ ဆန်၊ ဆပ်ပြာ၊ အဝတ်အထည်မျိုးစုံ၊ မုန့်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ ကြွေရည်သုတ်ပစ္စည်းများ၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်နှင့် စားသောက်ကုန်များ၊ ပြည်တွင်းပြည်ပမျိုးစေ့၊ မျိုးဆံ အမျိုးမျိုး၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအမျိုးမျိုး၊ စည်သွတ်ဘူး အမျိုးမျိုးနှင့် သကြားတို့ကို ရောင်းချပေးလျက်ရှိပါသည်။

ပုဂ္ဂလိကဈေးသည်များအနေဖြင့်လည်း အသင့်ချုပ်ပြီး အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ ဆေးဝါးများ၊ ယွန်းထည်၊ ကျောက်ပျဉ်၊ သင်ဖြူးဖျာ၊ ပုံးရည်၊ ပရိဘောဂအမျိုးမျိုး၊ စဉ့်ပစ္စည်းများနှင့်အထွေထွေကုန်ပစ္စည်းများပါဝင်ပြီး အဓိကအားဖြင့် ရေယာဉ်ဆိုက်ကပ်သည့်ဒေသ ရာသီထွက်ကုန်ပစ္စည်းများကို တည်ခင်းရောင်းချကြပါသည်။ ရန်ကုန်၊ မအူပင်၊ ဓနုဖြူ၊ ဇလွန်၊ ဟင်္သာတ၊ ရွှေကျင်၊ မြန်အောင်၊ ကံခင်း၊ ကျီးသဲ၊ ပြည်၊ ကမ္မ၊ သရက်၊ အောင်လံ၊ မိချောင်းရဲ၊ မင်းလှ၊ မကွေး၊ မင်းဘူး၊ ရေနံချောင်း၊ ဆင်ဖြူကျွန်း၊ ချောက်၊ ညောင်ဦး၊ ပခုက္ကူ၊ ဆီမီးခုံ၊ မြေတော်၊ မြင်းမူ၊ စစ်ကိုင်း၊ မန္တလေး စသည့်မြို့များတွင် ဆိုက်ကပ်ပြီး ရောင်းချလျက်ရှိသည့်အတွက် ထိုဒေသနေပြည်သူများ ခရီးစရိတ် အကုန်အကျ သက်သာစွာ အလွယ်တကူ ဝယ်ယူစားသုံးနိုင်ကြသည့်အတွက် ပြည်သူများအတွက်သာမက ဌာနများအတွက်ပါ နှစ်ဦးနှစ်ဖက် အကျိုးသက်ရောက်မှု ရှိပါသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနသည် ဌာန၏ ရည်မှန်းချက်ဖြစ်သည့် ရေယာဉ်နှင့် ခရီးသည် အန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းစွမ်းဆောင်မှု အပြည့်အဝပေးရေး၊ လုပ်ငန်းခွင်အသွင်အပြင် ကောင်းမွန် ရေးတို့နှင့်အညီ ပြည်သူများ၏အကျိုး စီးပွားကို ကျရာအခန်းကဏ္ဍမှ ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

ရေယာဉ်ဖြင့် သယ်ယူပို့ဆောင်ရောင်းဝယ်ဖောက်ကားလုပ်ဆောင်ချက်များသည် ပြည်တွင်းပို့ကုန် တိုးတက်တင်ပို့နိုင်ရေးအတွက် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ပို့ဆောင်ရေးလုပ်ငန်း တိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ ပြည်သူတို့၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုနိုင် မည်ဖြစ်ပါသည်။ ရန်ကုန်–မန္တလေး ဈေးသင်္ဘောကြီး များသည် ပြည်သူတို့အကျိုး အစဉ်သယ်ပိုးနေမည်သာဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ပါသည်။ ။

မောင်တင်လှိုင် (ဟိုတယ်/ခရီး)

မြရော ဈေးသင်္ဘောနှင့် ဘ–၈၀၉ တွဲယာဉ်နှင့် ဘ–၈၁၀ တွဲယာဉ်တို့ကို တွေ့ရစဉ်။

ကုဿာပုဏ္ဏာစေတီ အုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနား ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် စံပြကျေးရွာ ရွှေနှင်းဆီလမ်း အမရဝတီကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် "ကုဿာပုဏ္ဏာ" စေတီတော်မြတ်ကြီး၌ ဖေဖော်ဝါရီ ၆၊ ၇၊ ၈ ရက်တို့ တွင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပြီး ဖေဖော်ဝါရီ ၉ရက် (စနေနေ့) နံနက် ၉နာရီတွင် ရတနာအုတ်မြစ်တော်စီမဟာမင်္ဂလာအခမ်းအနား ကျင်းပမည်ဖြစ်သည်။

ဆက်လက်၍ သဒ္ဓမ္မဇောတိကဓဇဘွဲ့တော်ကြီးသင် ပညာရေးကျောင်း အလှူငွေပေးအပ်လှူဒါန်းပွဲကို ကျင်းပမည်ဖြစ်ပါသဖြင့် ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓ အမရဝတီသာသနာရက္ခိတ အဖွဲ့ဥက္ကဋ္ဌ ဦးညိုအေး ဖုန်း–၀၁–၅၇၂၆၃၈၊ ၀၉၅–၁၉၄၇၆၅၊ ဦးမြင့်အောင် ဒုတိယဥက္ကဋ္ဌ ဖုန်း–၀၁–၆၆၀၈၁၆၊ ဦးမြတ်မျိုးသန့် အတွင်းရေးမှူး ဖုန်း–၀၁–၅၂၆၂၆၂၊ ၀၉၅–၀၀၀၈၃၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

ပုဇွန်တောင်မြို့နယ် ရေကျော် ဦးဝိဇ္ဇာလမ်းနေ ဦးညီညီ–ဒေါ်ခင်ချိုဆက် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင် အဖွဲ့ဝင် ဦးလှသိန်း လက်ခံယူစဉ်။

(က–ပ)

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ (၅၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ ဘွဲ့ထူးဂုဏ်ထူးရ ပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး မဟာသိမ်တော်ကြီး ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်မြို့နေ အသက်(၇၅)နှစ်နှင့်အထက် ဝါးခယ်မမြို့နယ်သား အကန်တော့ခံ ဘိုးဘွားများ၊ ဝါးခယ်မမြို့နယ်မှ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ အဆင့်(၁)၊ အဆင့်(၂)ရရှိကြသည့် ကျောင်းသားများအပါအဝင် ဘာသာရပ်အသီးသီး၌ ဂုဏ်ထူးရကျောင်းသားများ၊ နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့ထူး ဂုဏ်ထူးရပုဂ္ဂိုလ်များသည် အခမ်းအနားသို့ တက်ရောက်ရန် အသင်းတိုက်တည်ရှိရာ အမှတ်(၁၂) စဉ့်အိုးတန်းလမ်း လသာမြို့နယ် ဖုန်း–၂၂၆၅၉၀ သို့ ဖေဖော်ဝါရီ ၁၅ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြသည်။ တက်ရောက်လာကြသူများအား ဝါးခယ်မမုန့်ဟင်းခါးဖြင့် ဧည့်ခံ၍ ဝါးခယ်မနွယ်ဖွား တေးဂီတပညာရှင်များက ဖြေဖျော်ကြမည်ဖြစ်ကြောင်း သိရှိရသည်။ (က–ပ)

ဇန်နဝါရီ ၄ ရက်နေ့ကကျင်းပသည့် နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် စံပြမိခင်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားတွင် ကော့သောင်း ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်မြ ပထမဆုရရှိသည့်ကလေးအား ဆုချီးမြှင့်စဉ်။

(မြို့နယ်ပြန်/ဆက်)

နိုင် ငံ တ ကာ ရေး ရာ သုံး သပ် ချက် ဆောင်း ပါး

ဂါဇာမှ ထွက်ပေါက်ရှာသူများ

အရှေ့အလယ်ပိုင်းဒေသက ဂါဇာကမ်းမြောင်ဒေသမှာ ပြီးခဲ့တဲ့အပတ်က အစာရေစာ ဖြတ်တောက်ပိတ်ဆို့ခံထားရတဲ့ ပါလက်စတိုင်းပြည်သူတွေဟာ ငတ်မွတ်တဲ့ဒဏ်ကို မခံမရပ်နိုင်တဲ့အဆုံး ပိတ်ထားတဲ့ နယ်စပ်ခြံစည်းရိုးကို မြေထိုးစက်၊ မြေကော်စက်တွေနဲ့ ဖြိုဖျက်ချကာ အီဂျစ်နိုင်ငံထဲ သောင်းနဲ့ချီတဲ့ လူအုပ်ကြီး လိမ့်ဝင်သွားပြီး အီဂျစ်နယ်စပ်မြို့ကလေးမှာ စားနပ်ရိက္ခာတွေ၊ လူသုံးကုန်တွေ၊ အလုအယက်ဝယ်ယူကြတာ တစ်ကမ္ဘာလုံးက နိုင်ငံတကာသတင်းတွေမှာ အုတ်အော်သောင်းတင်း ဖြစ်သွားခဲ့ရပါတယ်။

လှိုင်အောင်

ဂါဇာကမ်းမြောင်ဆိုတာ ကမ္ဘာ့သတင်းတွေမှာ နာမည်ကြီးလှပေမယ့် တကယ်တမ်းကတော့ လက်သည်းခွံသာသာလောက်ပဲရှိတဲ့ မြေနေရာကလေးပါ။ အစ္စရေးနိုင်ငံရဲ့ အရှေ့တောင်ဘက် စွန်းစွန်းမှာရှိပြီး မြေထဲပင်လယ်နဲ့ အစ္စရေးနယ်မြေအကြားမှာ သပ်လျှိုထားသလို တည်နေတဲ့ ကမ်းမြောင်ကလေးတစ်ခုဖြစ်ပါတယ်။ အကျယ်အဝန်းဧရိယာ ၁၄၆ စတုရန်းမိုင်သာရှိတဲ့ နယ်မြေကလေးမှာ လူဦးရေတစ်သန်းခွဲလောက်နေထိုင်ကြရတာမို့ ကမ္ဘာပေါ်မှာ လူဦးရေအထူထပ် အသိပ်သည်းဆုံး နေရာတစ်ခုလည်း ဖြစ်ပါတယ်။

မူလကတော့ ဂါဇာကမ်းမြောင်က ပါလက်စတိုင်းအာရပ်တွေဟာ အစ္စရေးနယ်မြေထဲမှာ ရှိတဲ့ သစ်သီးခြံတွေ၊ ဥယျာဉ်ခြံမြေတွေမှာ အလုပ်သမားတွေအဖြစ် အလုပ်ကြမ်းသွားရောက်လုပ်ကိုင် ခဲ့ကြပါတယ်။ ပါလက်စတိုင်းအာရပ်တွေအတွက် အလုပ်အကိုင်အဆင်ပြေခဲ့သလို အကျိုးဆက်ကတော့ ဂျော်ဒန်မြစ်အနောက်ဘက်ကမ်းမှာ ဖတာအဖွဲ့နဲ့ ဂါဇာမှာ ဟားမတ်စ်အဖွဲ့ဆိုပြီး ပါလက်စတိုင်းနယ်မြေဟာ အုပ်ချုပ်သူနှစ်ဖွဲ့ကွဲကာ အလိုအလျောက် နှစ်ခြမ်းကွဲသွားရခြင်းပဲ ဖြစ်ပါတယ်။

အစ္စရေးနဲ့ အမေရိကန်တို့က ဟားမတ်စ်တွေ အင်အားချည့်နဲ့သွားအောင် ဘဏ္ဍာငွေလမ်းကြောင်းတွေ ဖြတ်၊ ကုန်သွယ်မှုတွေ၊ အရောင်းအဝယ်တွေ ဖြတ်၊ နိုင်ငံတကာ ထောက်ပံ့ငွေတွေ ဖြတ်၊ သံတမန်အဆက်အသွယ်တွေဖြတ်စတဲ့ ဖြတ်နည်းပေါင်းစုံကို ကျင့်သုံးလာခဲ့ပါတယ်။ ဟားမတ်စ်တွေက ဂါဇာ

အီဂျစ်နှင့် ဂါဇာဒေသကို ပိုင်းခြားထားသောတံတိုင်းကို ဖြိုချပြီးနောက် ပါလက်စတိုင်းပြည်သူများ အီဂျစ်နိုင်ငံတွင်းသို့ ဝင်ရောက်နေကြသည်ကို ဇန်နဝါရီ ၂၃ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အစ္စရေး ခြံပိုင်ရှင်တွေအတွက်လည်း လုပ်အားခဈေးချိုတာမို့ အကျိုးရှိခဲ့ပါတယ်။

နောက်ပိုင်းကျတော့ အင်တီဖာဒါလှုပ်ရှားမှု ပေါ်ပေါက်လာပြီး ပါလက်စတိုင်းလူထုက အစ္စရေးတွေကို အုံကြွဆန့်ကျင်လာပါတယ်။ အသေခံဗုံးခွဲတိုက်ခိုက်မှုတွေလည်း များလာတာကြောင့် ၂၀၀၀ပြည့်လွန်နှစ်တွေမှာ အစ္စရေးနယ်မြေနဲ့ ပါလက်စတိုင်းနယ်မြေတွေအကြား အစ္စရေးက ခြံစည်းရိုးတွေ ခတ်လိုက်ပါတယ်။ ဂါဇာကမ်းမြောင်နဲ့ အီဂျစ်နိုင်ငံအကြား ခုနစ်မိုင်ရှည်တဲ့ နယ်စပ်ကိုလည်း ခြံစည်းရိုးခတ်လိုက်ပါတယ်။ အီဂျစ်နယ်မြေထဲကနေ ဂါဇာကမ်းမြောင်ဒေသထဲကို အစ္စရေးကို တိုက်ဖို့ လူတွေ၊ လက်နက်ခဲယမ်းတွေ စိမ့်ဝင်နေတာ ကာကွယ်ဖို့ဖြစ်ပါတယ်၊ ခြံစည်းရိုးကတော့ အမြင့် ၁၈ပေရှိပြီး ကွန်ကရစ်အမာခံနဲ့ သွပ်ပြားအထူစားတွေနဲ့ သံဆူးကြိုးတွေတပ်ဆင်ထားတာ ဖြစ်ပါတယ်။ ဂါဇာ–အီဂျစ်နယ်စပ် တစ်လျှောက်မှာ တရားဝင် ထွက်ပေါက်အဖြစ် "ရာဖာ"ဆိုတဲ့ ဂိတ်တစ်ခုသာရှိပြီး အီဂျစ်ဘက်က နယ်ခြားစောင့် တပ်ရင်းတစ်ရင်းချထားစောင့်ကြပ်နေခဲ့ပါတယ်။

၂၀၀၅ခုနှစ်မှာ ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးက လုံးဝမထိန်းချုပ်နိုင်တော့လို့ အစ္စရေးတပ်တွေ ဂါဇာကနေ ပြန်ဆုတ်သွားခဲ့တဲ့နောက်ပိုင်းမှာ ရာဖာထွက်ပေါက်ကို အီဂျစ်နဲ့ ပါလက်စတိုင်းအာဏာပိုင်အဖွဲ့တို့ ပူးတွဲကြီးကြပ်ခဲ့ပြီး ဥရောပသမဂ္ဂကိုယ်စားလှယ်တစ်ဖွဲ့က စောင့်ကြည့်နေခဲ့ပါတယ်။

၂၀၀၆ခုနှစ် ပါလက်စတိုင်းရွေးကောက်ပွဲမှာ မမျှော်လင့်ဘဲ ဟားမတ်စ်အဖွဲ့အနိုင်ရပြီးနောက်ပိုင်း ပြဿနာစတော့တာပါပဲ။ ဟားမတ်စ် အစိုးရအဖွဲ့နဲ့ပြိုင်ဘက် သဘောထား ပျော့ပျောင်းတဲ့ ဖတာအဖွဲ့အကြား ပဋိပက္ခ ပြင်းထန်လာပြီး ၂၀၀၇ခုနှစ် ဇွန်လမှာ ဟားမတ်စ်တို့က ဂါဇာကမ်းမြောင်ဒေသကို အပိုင်သိမ်းလိုက်ပါတော့တယ်။ ဘက်ကနေ အစ္စရေးနယ်မြေထဲကို နေ့စဉ်နဲ့အမျှ ဒုံးပျံတွေနဲ့ ပစ်လွှတ်တိုက်ခိုက်မှုတွေ လုပ်တယ်။ အစ္စရေးဘက်ကလည်း လေကြောင်းကနေ တုံ့ပြန်တိုက်ခိုက်ပေမယ့် မနိုင်တဲ့အဆုံး ကြွက်မနိုင် ကျီမီးနဲ့ရှို့ဆိုသလို ခြံစည်းရိုးတံတိုင်းပတ်လည် အသေပိတ်ထားတဲ့ ဂါဇာကမ်းမြောင်ဒေသ တစ်ခုလုံးကို ယခုနှစ် ဇန်နဝါရီလလယ်ပိုင်းကစပြီး လူသားချင်းစာနာမှုနဲ့ ထောက်ပံ့ပေးနေတဲ့ စားနပ်ရိက္ခာနဲ့ စက်သုံးဆီကအစ ဖြတ်တောက်လိုက်ပါတော့တယ်။ ဟားမတ်စ်အဖွဲ့က ဇန်နဝါရီ ၂၃ရက်မှာ မွတ်သိပ်ဆာလောင်နေတဲ့ ပါလက်စတိုင်းလူထုကို ဦးဆောင်ပြီး ဂါဇာ–အီဂျစ်နယ်စပ်တံတိုင်းကို မြေထိုးစက်၊ မြေကော်စက်တွေနဲ့ တွန်းလှဲဖြိုချလိုက်တယ်။ နယ်ခြားစောင့် အီဂျစ်တပ်ဖွဲ့တွေက လူတံတိုင်းလုပ်ပြီး ပိတ်ဆို့ခဲ့ပေမယ့် မရတော့ပါဘူး။ မျက်ရည်ယိုဗုံးတွေ၊ မီးသတ်ပိုက်တွေ၊ အယ်လ်ဖေးရှင်းခွေးတွေကလည်း ဒီရေလှိုင်းလုံးကြီးလို လိမ့်လာတဲ့ လူအုပ်ကြီးကို မဟန့်တား၊ မဖြိုခွဲနိုင်တော့ပါဘူး။ ဟားမတ်စ်အဖွဲ့ကလည်း ဒီဘက်က ပိတ်ရင် ဟိုဘက်ခြံစည်းရိုးကို ဖောက်ထွင်းပြီး ထွက်ပေါက်တွေ လုပ်ပစ်ပါတယ်။ နောက်ဆုံးတော့ အီဂျစ်အစိုးရလည်း ပိတ်ဆို့ဖို့အရေး လက်လျှော့လိုက်ရပြီးနောက်မှာတော့ ဂါဇာ–အီဂျစ်နယ်စပ်မှာ ဈေးပွဲတော်ကြီး ဖြစ်သွားပါတော့တယ်။

နယ်စပ်ခြံစည်းရိုးတံတိုင်းတွေကို ဖြိုချဖောက်ထွင်းလိုက်လို့ ဂါဇာလူထုအတွက် ယာယီထွက်ပေါက်ရသွားခဲ့ပေမယ့် ကာလကြာရှည်လှပြီဖြစ်တဲ့ အစ္စရေး–ပါလက်စတိုင်းပြဿနာအတွက် အပြီးတိုင်ဖြေရှင်းပေးနိုင်မယ့် အမှန်တကယ်ထွက်ပေါက်ကတော့ ကမ်းမမြင် လမ်းမမြင် အလှမ်းဝေးနေတုန်းပဲဖြစ်ကြောင်း သုံးသပ်ရပါတယ်။ ။

အခြေခံစာကြည့်တိုက်ပညာ သင်တန်းမှတ်စုများစာအုပ် ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၂၉

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့စေရန်၊ စာကြည့်တိုက်မှူးများ ဖြစ်ပေါ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန်နှင့် အခြေခံစာကြည့်တိုက်ပညာများ ပြည်သူလူထုအတွင်း ကျယ်ပြန့်စေရန် ရည်ရွယ်ထုတ်ဝေသည်။

အဆိုပါစာအုပ်တွင် စာကြည့်တိုက်ပညာမိတ်ဆက်၊ ကမ္ဘာ့စာကြည့်တိုက်သမိုင်း၊ မြန်မာ့စာကြည့်တိုက်သမိုင်း၊ စာကြည့်တိုက်ဖွဲ့စည်းပျိုးထောင်ရေးနှင့် စီမံခန့်ခွဲရေး၊ မျိုးတူစုလုပ်ငန်း၊ ကတ်တလောက်လုပ်ငန်း၊ အက္ခရာစဉ်နည်း၊ ရည်ညွှန်းလုပ်ငန်း၊ စာပေပစ္စည်းပြုပြင်ထိန်းသိမ်းရေး၊ မော်ကွန်းပညာရပ်၊ ဗုဒ္ဓစာပေအကြောင်း၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်း၊ ခေါင်းဆောင်မှုပညာ၊ လူထုပဟောပြောနည်း၊ စာရေးနည်း၊ ဆောင်းပါးရေးသားနည်း၊ အခမ်းအနားမှူးပြုလုပ်နည်း၊ လူမှုဆက်ဆံရေး နည်းဗျူဟာများ၊ ၁၉၆၄ခုနှစ် စာကြည့်တိုက်ပညာနှင့် အခြားဘာသာရပ်များကို စုစည်းဖော်ပြထားသည်။

ဌာနဆိုင်ရာဝန်ထမ်းများ၊ စာပေပညာရှင်များနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များရှိ စာကြည့်တိုက်မှူးများအနေဖြင့် လက်ကိုင်ပြုသင့်သည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

ယင်းစာအုပ်ကို ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်တို့တွင် တစ်အုပ်လျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝင့်ထည် ဂုဏ်ရည်

★ ဒို့မြန်မာ အမျိုးသမီး
ဂုဏ်ကြီးလို့ ညီညာ
ဆုံစည်းစို့ ပြည်သာယာ
ကြည်သဒ္ဒါ ဆပွား။

★ သိဃ်သူ့သမီးနဲ့ မယ်သံပျင်လို
ဉာဏ်အလျင် ကြီးမြတ်စိတ်ထား။

★ မြန်မာမလေး ကျက်သရေ
တက်သစ်စ နေအလား။

★ ကြီးသူကို ဂါရဝထားလို့
လေးစားကြပျူငှာ။

★ အကြင်နာမေတ္တာလျှမ်း
သစ္စာပန်း ကျင့်မြတ်သိက္ခာ။

★ တင့်ဖြာတဲ့ လှဥမ္မာမှာ
ပဒုမ္မာရွှေကြာပန်းသို့
ဝေဆာလန်း တင့်တယ်ထုံကြည်
ဝင့်ထည်ဂုဏ်ရည်။

★ ကုမ္မာရီတို့ မျိုးမာန်ချီ
မိုးယံဆီ ဂုဏ်မြင့်လိမ့်လေး။

မေသစ္စာ

HORIZON LEAGUE ဘတ်စကက်ဘောပြိုင်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် Horizon Int'l Education Center တို့ ပူးပေါင်းကျင်းပလျက်ရှိသည့် ၂၀၀၇–၂၀၀၈ရာသီ HORIZON LEAGUE ဘတ်စကက်ဘောပြိုင်ပွဲကို ဇန်နဝါရီ ၂၇ရက်က ကျိုက္ကဆံ မိုးလုံလေလုံအားကစားရုံတွင် ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် Cow Boy အသင်းက Gryuts အသင်းကို ၁၀၉–၈၆မှတ်၊ KKS အသင်းက CCY အသင်းကို ၈၁–၅၉မှတ်၊ Filipino အသင်းက Shadows အသင်းကို ၆၉–၅၇မှတ် Furious အသင်းက WHO အသင်းကို ၇၃–၄၃မှတ်တို့ဖြင့် အသီးသီး အနိုင်ရရှိသွားကြသည်။

ယင်းပွဲစဉ်များအပြီးတွင် Cow Boy နှင့် KKS အသင်းတို့က သုံးပွဲနိုင်၊ Red Star နှင့် Furious အသင်းတို့က နှစ်ပွဲနိုင်၊ Shadows အသင်းက နှစ်ပွဲနိုင် တစ်ပွဲရှုံး၊ Gryuts နှင့် Filipino တို့က တစ်ပွဲနိုင် နှစ်ပွဲရှုံး၊ GB နှင့် Last Vampire တို့က နှစ်ပွဲရှုံး၊ WHO နှင့် CCY တို့က သုံးပွဲရှုံးနိမ့်ထားပြီး Blue Boy အသင်းမှာ ပွဲမကစားရသေးပေ။ Horizon ဘတ်စကက်ဘောပြိုင်ပွဲ နောက်ဆုံးအဆင့် ပြိုင်ပွဲများကို အမျိုးသား ၁၂သင်း၊ အမျိုးသမီး လေးသင်းယှဉ်ပြိုင်နေပြီး အမှတ်အများဆုံးအသင်းဗိုလ်စွဲမည်ဖြစ်သည်။(ကြေးမုံ)

အမျိုးသားပြိုင်ပွဲတွင် KKS နှင့် CCY တို့ ယှဉ်ပြိုင်နေစဉ်။
(ကြေးမုံ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၉–၁–၂၀၀၈)

မော်လမြိုင်
၀ ဒသမ ၃၉ လက်မ

ပူတာအို၊ ရန်ကုန်(ကမ္ဘာအေး)နှင့် မြိတ်
၀ ဒသမ ၂၀ လက်မစီ

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀–၁–၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၀၀	၆။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၂၀	၇။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	**ကာတွန်းအစီအစဉ် – ငါးကလေးရဲ့စွန့်စားခန်း (အပိုင်း–၁၇)**
၆း၄၅	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – ရာဇဝင်တွင်တဲ့ သူရဲကောင်း (အပိုင်း–၃၁)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	လူ့ရှင်တော်ရွှေဖလား
	၂၀။	English Usage
	၂၁။	ဗွီစီဒီကျော်ကြားတေးများ
	၂၂။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – သိမ်းငှက်သူရဲကောင်း (ဒုတိယတွဲ) (အပိုင်း–၂၇)**
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

ကျောဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၄ခုနှစ် ဇန်နဝါရီ ၅ရက်တွင် စတင်ဖွဲ့စည်းပေးခဲ့ပြီး ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၁၄ရက်တွင် ယခုနောက်ဆုံး အခြေအနေနှင့် ကိုက်ညီသည့် မိမိတို့ကော်မတီကို အသစ်ပြင်ဆင်ဖွဲ့စည်းပေးခဲ့ကြောင်း၊ ကော်မတီ၏သက်တမ်း (၄)နှစ်တာ ကာလအတွင်း ညှိနှိုင်းအစည်းအဝေး(၆)ကြိမ်ပြုလုပ်ခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် **"အရွယ်မရောက်သေးသူကလေးသူငယ်များအား အတင်းအကျပ် တပ်သားအဖြစ် စုဆောင်းခြင်းမပြုရန်၊ ကလေးသူငယ်များ၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်နှင့် ကလေးသူငယ်များ၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်အတွက် ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားရန်"** ဆိုသည့် ရည်ရွယ်ချက်(၃)ရပ်နှင့်အညီ ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့နိုင်ငံရှိ ကလေးသူငယ်များ၏လွတ်လပ်မှုကို ကာကွယ်တားဆီးထိန်းသိမ်းနိုင်သော ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များရှိပြီးဖြစ်သကဲ့သို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးသည့် ဥပဒေနှင့်အမိန့်များလည်း ရှိပြီးဖြစ်ကြောင်း၊ ထို့အပြင် ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန်အတွက် စစ်သားစုဆောင်းရေးဆိုင်ရာ လက်ကမ်းကြော်ငြာ၊ နံရံကပ်ကြော်ငြာများကိုလည်း ကျေးလက်ဒေသအထိ ရောက်ရှိအောင် ဖြန့်ဝေပေးလျက်ရှိပြီး မြေစိုက်ပိုစတာကြီးများကိုပါ စိုက်ထူကြော်ငြာ ထားပြီးဖြစ်ကြောင်း။

မိမိတို့ကော်မတီအနေဖြင့် ကုလသမဂ္ဂ လက်အောက်ခံ UNICEF, UNDP စသည့် အဖွဲ့အစည်းများအပါအဝင် မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်နေကြသော နိုင်ငံခြားသံအမတ်ကြီးများနှင့် စစ်သံမှူးများအား ရန်ကုန်နှင့် မန္တလေးမြို့များတွင်ရှိသော စစ်သားစုဆောင်းရေးတပ်များနှင့် စစ်အခြေခံလေ့ကျင့်ရေးတပ်များသို့ သွားရောက်လေ့လာစေခဲ့ကြောင်း၊ အဆိုပါတပ်များတွင် စုဆောင်းရရှိထားရှိသော တပ်သားသစ်လောင်းများ၊ သင်တန်းသားများအား ရင်းရင်းနှီးနှီးတွေ့ဆုံမေးမြန်းနိုင်ရန် စုစုပေါင်း(၇)ကြိမ် စီစဉ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့အပြင် မိမိတို့ကော်မတီနှင့်လူမှုဝန်ထမ်းဦးစီးဌာန၊ UNICEF တို့ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ရပ်အဖြစ် ကျိုက်ဝိုင်းလူငယ် အတတ်သင်သိပ္ပံကျောင်းတွင် ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၁၉ ရက်မှ ဒီဇင်ဘာ ၂၁ ရက်အထိ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲ (၅)ကြိမ်ပြုလုပ်နိုင်ခဲ့ကြောင်း၊ အဆိုပါအလုပ်ရုံဆွေးနွေးပွဲများသို့ တပ်မတော်လေ့ကျင့်ရေးသင်တန်းကျောင်းများနှင့် စစ်သားစုဆောင်းရေးတပ်ဖွဲ့တို့မှ အရာရှိ/စစ်သည် ၇၈ဦး၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ၄၉ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၆၂ဦး၊ ပညာရေးဝန်ကြီးဌာနမှ နှစ်ဦး စုစုပေါင်း ၁၉၁ဦးတို့ တက်ရောက်စေခဲ့ကြောင်း၊ ဆက်လက်ပြီး တပ်အသီးသီးတွင် ဆင့်ပွားပညာပေး သင်တန်းများ လစဉ်ဆောင်ရွက်စေလျက်ရှိကြောင်း၊ ကော်မတီအနေဖြင့် ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် ပူးပေါင်းကြပ်မတ်ဆောင်ရွက်ခဲ့သည့်အတွက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား တပ်သားသစ်အဖြစ် စုဆောင်းခြင်းမျိုး မရှိသမျှ နည်းပါးလာခဲ့ကြောင်း၊ မိမိတို့ကော်မတီ၏ ဦးစီးလမ်းညွှန်ဆောင်ရွက်မှုများကြောင့် တပ်သားသစ်များစုဆောင်းရာတွင် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း စနစ်တကျစုဆောင်းမှုပြုလုပ်လာသည့်အတွက် ကော်မတီ၏ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ILO,ICRC စသည့် အဖွဲ့အစည်းများနှင့် မိဘအုပ်ထိန်းသူများ၏ စာရေးသားတင်ပြချက်အရ အသက်လိမ်လည်ဝင်ရောက်လာသူအချို့ကို စိစစ်ပြီး မိဘများထံ ပြန်လည်အပ်နှံပေးခဲ့ခြင်းအပြင် ညွှန်ကြားချက်ပါ သတ်မှတ်ချက်များနှင့် မကိုက်ညီသူများ၊ ဆေးစစ်ရာတွင် ဆေးမအောင်သူများအား လက်ခံခြင်းမပြုဘဲ မိဘအုပ်ထိန်းသူထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးခဲ့ကြောင်း၊ ထိုကဲ့သို့ မိဘအုပ်ထိန်းသူထံ လွှဲပြောင်းရာတွင် သက်ဆိုင်ရာ လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြို့နယ်အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူများ၏ ရှေ့မှောက်တွင် စနစ်တကျလွှဲပြောင်းပေးလျက်ရှိကြောင်း၊ မှတ်တမ်းမှတ်ရာများလည်း စနစ်တကျရှိကြောင်း၊ ကော်မတီ စတင်ဖွဲ့စည်းသည့် ၂၀၀၄ခုနှစ် မှ ၂၀၀၇ ခုနှစ်အထိ အသက်ငယ်ရွယ်လွန်းသူ ၁၆၀ဦး၊ သတ်မှတ်ချက်နှင့် မကိုက်ညီသူ ၄၁၀ဦး၊ ဆေးမှတ်ချက်ဖြင့် ဆေးမအောင်သူ ၂၂၁ စုစုပေါင်း ၇၉၂ဦးတို့အား မိဘအုပ်ထိန်းသူများထံ ပြန်လည်စေလွှတ်အပ်နှံခဲ့ပြီးဖြစ်ကြောင်း၊ ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များအတိုင်း လိုက်နာမှုမရှိဘဲ အရွယ်မရောက်သေးသူများအား အဓမ္မစစ်မှုထမ်းအဖြစ် စုဆောင်းခဲ့မှုများရှိခဲ့ပါက စနစ်တကျစိစစ်အရေးယူမှုများပြုလုပ်နေသည်ကို ကော်မတီဝင်အားလုံး အသိပင်ဖြစ်ကြောင်း၊ ၂၀၀၂ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ အရေးယူဆောင်ရွက်ခဲ့ရသည့် အရာရှိ/စစ်သည် ၄၃ ဦးရှိခဲ့သည်ကို ကော်မတီဝင်များအား အသိပေးပြောကြားလိုကြောင်း။

ကော်မတီ၏ ဆောင်ရွက်ချက်များကို Focal Point အဖြစ် တာဝန်ယူထားသော နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းရှိ ကုလသမဂ္ဂအေဂျင်စီများသို့ ပုံမှန်အသိပေးနေသကဲ့သို့ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်း မြန်မာကိုယ်စားလှယ်မှ တစ်ဆင့်လည်း သက်ဆိုင်ရာများသို့ အသိပေးအကြောင်းကြားလျက်ရှိကြောင်း၊ မိမိတို့တပ်မတော် အနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက် နေသော်လည်း ပြည်ပြေးသစ္စာဖောက် အဆိုးမြင်ဝါဒီများအနေဖြင့် မြန်မာ့ တပ်မတော်၌ ကလေးစစ်သားများ ရှိနေသည်ဟု မဟုတ်မမှန်လုပ်ကြံပြီး ပြည်ပ မီဒီယာများနှင့် ပူးပေါင်းကာ မိမိတို့နိုင်ငံကို ဝါဒဖြန့်ထိုးနှက်တိုက်ခိုက်မှုများ ပြုလုပ်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ဥပဒေနှင့်အညီ မှန်ကန်သည့်ဆောင်ရွက်ချက်များ ဆက်လက်လုပ်ဆောင်သွားကြရန်နှင့် အရွယ်မရောက်သေးသည့် ကလေးသူငယ်များအား တပ်မတော်အတွင်း ဝင်ရောက်လာသည်ကို လက်မခံဘဲ ကလေးသူငယ်များ၏ အကျိုးစီးပွားအတွက် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များအတိုင်း အောက်ခြေအဖွဲ့အစည်းများက တိတိကျကျ လိုက်နာဆောင်ရွက်ရေးကို ကြီးကြပ်ကွပ်ကဲဆောင်ရွက်သွားကြရန်နှင့် ကော်မတီဝင်များ၏ ဆောင်ရွက်ချက်များ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး၊ ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေးတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေ၊စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ညွှန်ကြားစစ်ဆေး စီမံဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ တွဲဖက်အတွင်းရေးမှူးက ကော်မတီ၏ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

(၁၆)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀) မင်္ဂလာဒုံမြို့နယ် ရန်ကုန်၌ ဖေဖော်ဝါရီ၁၄၊၁၅၊၁၆ ရက်နှင့် ၁၈ရက်တို့၌ ကျင်းပမည်ဖြစ်ပြီး ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် သုတေသနစာတမ်း ၄၆ စောင်၊ သုတေသနလုပ်ဆောင်ချက်ပိုစတာ ၁၁ ခု၊ ပညာရပ်ဆိုင်ရာ ဟောပြောပို့ချမှု ၁၁ ခု၊ ဆေးပညာပြောင်းလဲတိုးတက်မှုများနှင့်စပ်လျဉ်း၍ ဟောပြောဆွေးနွေးပွဲ လေးခုနှင့် ကုသမှုနှင့် ရောဂါဗေဒဆိုင်ရာ ဆွေးနွေးပွဲ တစ်ခုတို့ကို ပြည်တွင်း/ပြည်ပမှ သုတေသီများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ သုတေသီများနှင့် ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူ/ဆေးမှူးများ၊ သူနာပြုအရာရှိများက ဖတ်ကြားတင်သွင်း ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ နှီးနှောဖလှယ်ပွဲသို့ ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူ/ဆေးမှူးများ၊ သူနာပြုအရာရှိများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များ တက်ရောက်လိုပါက တပ်မတော်ဆေးတက္ကသိုလ် ဖုန်း-၀၃၁-၃၅၀၆၃၊ အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) ဖုန်း-၀၃၁-၃၅၂၄၇၊ အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀) ဖုန်း-၀၃၁-၃၁၂၇၇နှင့် တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)ဖုန်း-၀၃၁-၃၅၁၀၉တို့သို့အသီးသီးဆက်သွယ်၍ ဖေဖော်ဝါရီ ၇ရက်မှ ၁၃ရက်အထိ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ပြီး အလုပ်သင်ဆရာဝန်များ၊ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှ သင်တန်းသားများ၊ သူနာပြုများနှင့် စိတ်ပါဝင်စားသူများလည်း တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၂၉ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ကွယ်လွန်သွားသော အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတဟောင်း General (Retd) Haji Muhammad Soeharto အတွက်ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်တွင် လက်မှတ် ရေးထိုးစဉ်။
(သတင်းစဉ်)

အရိုးရောဂါပညာအဖွဲ့၏ အကြိမ် (၂၀)မြောက် ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံဆရာဝန်အသင်း အရိုးရောဂါပညာအဖွဲ့၏ အကြိမ် (၂၀)မြောက် ညီလာခံကို ဖေဖော်ဝါရီ ၆ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ် (၂၄၉) ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ညီလာခံတွင် အရိုးရောဂါကုဆရာဝန်များ၊ အထွေထွေရောဂါကုဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များနှင့် အခြားစိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၂၉-၁-၂၀၀၈

ဟားခါး
(-၄)ဒီဂရီစင်တီဂရိတ်
လွိုင်လင်
(၀)ဒီဂရီစင်တီဂရိတ်
နမ့်ဆန်
(၂)ဒီဂရီစင်တီဂရိတ်
ဟဲဟိုး
(၃)ဒီဂရီစင်တီဂရိတ်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၁-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM	
၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"နိုးစပ်ရာပါကြသည်"တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၈း၀၅-၂း၀၅	Industrial Talk[ဦးစိုးနိုင်၊ဦးတင်အောင်ရွှေ(သုတေသီ)]
၈း၄၅-၂း၄၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	သင်္ခတနှင့် အသင်္ခတ စိတ်နှင့်ဉာဏ်ကွဲပြားမှု နိဗ္ဗာန်စံရတရားတော် [ဒေါက်တာချစ်ငယ်(ဒဿန) Ph.D]
၉း၅၀-၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅-၃း၅၅	Midweek Sports News
၁၀း၁၀-၄း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅-၄း၁၅	လောင်းဝေသဃန်မင်္ဂလာဓမ္မဗိမာန်တော်ကြီးနှင့် အံ့ဖွယ်ထူးခြား ရောင်ခြည်တော်များနှင့်ရှင်စောမြတ်စေတီ
၁၀း၃၀-၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅-၄း၃၅	**ကောင်းခြင်းဝေဖြာ (ထွန်းထွန်းနိုင်၊ရန်ပိုင်စိုး၊ပိုင်ဇေရဲထွန်း၊မင်းသူ၊မြင့်မြင့်ခိုင်၊ ခင်မို့မို့အေး၊ချစ်စနိုးဦး) [ဒါရိုက်တာ-ကိုအောင်မိုး(ပဲရစ်)]**
၁၀း၅၅-၄း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀-၅း၀၀	Diploma Guide (Diploma in TESOL အကြောင်းသိကောင်းစရာ)
၁၁း၁၅-၅း၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၅-၅း၂၅	ရှေးမူမပျက်ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ
၁၁း၃၅-၅း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀-၅း၄၀	မိခင်နို့စနစ်တကျတိုက်ကျွေးနည်းနှင့် ဖြည့်စွက်စာကျွေးနည်း သိကောင်းစရာများ(ဒေါက်တာသိန်းသိန်းမြင့်)
၁၁း၅၀-၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅-၅း၅၅	Miss Earth 2007 ရွေးချယ်ပွဲ(အပိုင်း-၂)
၁၂း၁၅-၆း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀-၆း၂၀	၂၀၀၅ခုနှစ် ဇာတ်ပို့ထူးချွန်ဆုရ ချမ်းသာကြည်စိုးနှင့်တွေ့ဆုံခြင်း
၁၂း၃၅-၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀-၆း၄၀	International Video Topics (ပျောက်ဆုံးနေသောရှေးဟောင်းမြို့တော် အပိုင်း-၂)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	West Ham-Liverpool	ESPN(Live)

Africa Cup of Nations 2008 ဘောလုံးပွဲစဉ်များ

ညပိုင်း	အုပ်စုနောက်ဆုံးပွဲစဉ်	ပြသမည့်လိုင်း
၉း၃၀	Cameroon-Sudan	Euro Sport (Live)
၉း၃၀	Egypt-Zambia	Euro Sport (Live)

၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။

(၃) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။

(၄) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး။

(၅) အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားအားလုံး ကြိုးပမ်းဆောင်ရွက်ရေး။

(၆) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးမှာကြား

နေပြည်တော် ဇန်နဝါရီ ၂၉

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ရွှေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၇ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ပျဉ်းမနားမြို့နယ် သူဌေးကုန်းရပ်ကွက်ရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးဘသန်း၏ အသားစားကြက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုအားပေးပြီး ဇီဝလုံခြုံရေးကို အထူးဂရုပြုရန် မှာကြားသည်။

နို့စားကျွဲ

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်လယ်ဝေး ဇလာပြောင်ခေါင်းကြီးကျေးရွာအုပ်စု မွေးမြူရေးဇုန်(၃)သို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၍ မွေးမြူရေးဇုန်များဖော်ထုတ်ရေးစီမံကိန်း ညွှန်ကြားရေးမှူး ဒေါက်တာအောင်ကြီးက မွေးမြူရေးဇုန်အတွင်း တိရစ္ဆာန်များမွေးမြူထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက နို့စားနွားမွေးမြူရေးသာမက အကျိုးပိုမိုဖြစ်ထွန်းနိုင်မည့် နို့စားကျွဲမွေးမြူရေးလုပ်ငန်းများကိုပါ တိုးချဲ့ဆောင်ရွက်သွားရန်မှာကြားပြီး ဝန်ကြီးက မွေးမြူရေးဇုန်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြကာ မွေးမြူရေးလုပ်ငန်းရှင် ဦးသန်းလွင်၏ ဝက်မွေးမြူရေးခြံကို သွားရောက်ကြည့်ရှုအားပေးကြပြီး ဝန်ကြီးက ခေတ်မီ ဝက်သားစပ်နည်းများဖြင့် ဝက်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့သွားရန် မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝက်မွေးမြူရေးခြံ

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်လယ်ဝေး ချမ်းသာကြီးရပ်ကွက်ရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးအောင်လွင်၏ ဝက်မွေးမြူရေးခြံကို သွားရောက်ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၀-၁-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇း၃၀ ၃။ နံနက်ခင်းသတင်း

၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇း၅၀ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက

၈း၀၀ ၆။ အဆိုပြိုင်ပွဲ

၈း၁၀ ၇။ ဗိုလ်မြတ်ထွန်းတံတား

၈း၂၀ ၈။ အတီးပြိုင်ပွဲ

၈း၃၀ ၉။ International News.

၈း၄၅ ၁၀။ Let's Go.

၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ – စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)

၄း၄၅ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ

၅း၀၀ ၅။ မြန်မာစာ၊မြန်မာစကား

၅း၁၅ ၆။ သီချင်းကြီးပဒေသာ

၅း၂၅ ၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်

၅း၃၅ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်

၆း၀၀ ၉။ ညနေခင်းသတင်း

၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ

၆း၃၅ ၁၁။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့

၆း၅၀ ၁၂။ **"ကောင်းခြင်းဝေဖြာ" (ထွန်းထွန်းနိုင်၊ရန်ပိုင်စိုး၊ ပိုင်ဇေရဲထွန်း၊မင်းသူ၊မြင့်မြင့်ခိုင်၊ ခင်မို့မို့အေး၊ချစ်စနိုးဦး) [ဒါရိုက်တာ–အောင်မိုး(ပဲရစ်)]**

၇း၁၀ ၁၃။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်

၇း၃၅ ၁၄။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ

၇း၄၅ ၁၅။ မြတ်ဗုဒ္ဓမဇ္ဈိမ၏ အနှိုင်းမဲ့ရတနာ

၈း၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ Franz Hararay's Magic Planet

၂၀။ **မြန်မာဗီဒီယိုဇာတ်လမ်း "မြားနတ်မောင် ထိချက်ပြင်းတယ်" (လွင်မိုး၊စိုးမြတ်နန္ဒာ၊ပပဝင်းခင်) (ဒါရိုက်တာ–ကျော်ဇောလင်း)**

၂၁။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်း တရားတော်**

၂၂။ နောက်တစ်နေ့အစီအစဉ်

၂၃။ အစီအစဉ်ပြီး၏။

အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁၇/၂၀၀၇) လက်တွေ့သင်ခန်းစာ သရုပ်ပြ ဂုဏ်ပြုညစာစားပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁၇/၂၀၀၇)၏ ဘာသာရပ်ပို့ချမှု အစီအစဉ်တစ်ခုအဖြစ် ဂုဏ်ပြုညစာစားပွဲ လက်တွေ့သရုပ်ပြပြုလုပ်ခြင်းကို ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ဟိုတယ်နီကိုးရှိုင်ရယ်လိပ်၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုးတို့ တက်ရောက်အားပေးကြသည်။

သရုပ်ပြ ဂုဏ်ပြုညစာ စားပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အငြိမ်းစား သံအမတ်ကြီးများ၊ ဝါရင့်သံတမန်ကြီးများ၊ လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်းများ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အခြေခံ သံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းကို ၂၀၀၀ ပြည့်နှစ် ဇူလိုင် ၃ ရက်တွင် စတင်ဖွင့်လှစ်၍ ယခုအချိန်အထိ သင်တန်း(၁၇)ကြိမ် ပို့ချခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်အဆင့် ဂုဏ်ပြုစားသောက်ပွဲများကို တည်ခင်းဧည့်ခံရာ၌ ပြင်ဆင်ခင်းကျင်းမှု၊ စားသောက်ရာတွင် လိုက်နာသင့် လိုက်နာအပ်သော ထုံးဓလေ့များကို သင်တန်းသားများ ဗဟုသုတ ရရှိနိုင်စေရန်အလို့ငှာ သင်ရိုးညွှန်းတမ်းတွင် အခြားဘာသာရပ်များနှင့်အတူ ထည့်သွင်းရေးဆွဲကာ လက်တွေ့ပို့ချခြင်းဖြစ်သည်။ အခြေခံ သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁၈/၂၀၀၈)ကို ဖေဖော်ဝါရီ ၁၈ ရက်တွင် ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီးဒေါ်မြင့်မြင့်စိုးတို့ အခြေခံ သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁၇/၂၀၀၇)၏ ဘာသာရပ်ပို့ချမှု အစီအစဉ်အဖြစ် ဂုဏ်ပြုညစာစားပွဲ လက်တွေ့သရုပ်ပြ ပြုလုပ်ခြင်း ကျင်းပသည့် ရန်ကုန်မြို့ ဟိုတယ် နီကိုးလ်ရှိုင်ရယ်လိပ်၌ သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁၇/၂၀၀၇)သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁၇/၂၀၀၇) ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ အငြိမ်းစား မြန်မာသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှပါမောက္ခများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရက်သတ္တ ၁၂ ပတ်

အဆိုပါသင်တန်းသို့ အပြည်ပြည်ဆိုင်ရာကိစ္စရပ်များကို စိတ်ဝင်စားသူများ၊ နိုင်ငံခြားကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီဝန်ထမ်းများနှင့် အစိုးရဝန်ထမ်းများ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၁၈၆ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ် ကြာမြင့်ခဲ့သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် အခြေခံ သံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၁၇/၂၀၀၇)ဆင်းပွဲတွင် ထူးချွန်ဆုရရှိသော သင်တန်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အီတလီဘောလုံးအဖွဲ့ချုပ် အကောင်းဆုံးဆု ကာကာရရှိ

ရောမ ဇန်နဝါရီ ၂၈

အေစီမီလန်အသင်းမှ ဘောလုံးသမားကာကာ၏ ၂၀၀၇ခုနှစ် ဘောလုံးရာသီအတွင်း ခြေစွမ်းပြကစားခဲ့သည့် လုပ်ဆောင်မှုများကြောင့် ၎င်းအား အီတလီနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ယမန်နှစ်၏ အကောင်းဆုံးဘောလုံးသမားအဖြစ် ရွေးချယ်လိုက်သည်။

ရိုးမားအသင်းမှ ရှေ့တန်းကစားသမား ဖရန်စစ္စကိုတော့တီမှာ အီတလီဘောလုံးသမားများအနက် ၂၀၀၇ခုနှစ်အတွက် အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးသွားသည်။ အသင်းမန်နေဂျာများအနက် ရိုးမားအသင်းမှ မန်နေဂျာ လူစီယာနိုစပယ်လက်တီသည် အကောင်းဆုံးမန်နေဂျာဆုကို ရရှိသွားသည်။ ၎င်း၏အသင်းမှာ ပြိုင်ပွဲတွင် ဒုတိယနေရာသာ ရရှိခဲ့သော်လည်း မန်နေဂျာဆုကို ရရှိလိုက်ခြင်းဖြစ်သည်။

အင်တာမီလန်အသင်းမှာ ဆုဖလားလုပွဲတွင် အနိုင်ရရှိသွားသော်လည်း ယင်းအသင်း၏ နည်းပြမှာ ဆုရွေးချယ်ရာ၌ အမည်စာရင်းပင် မပါခဲ့ဟုဆိုသည်။ လာဇီယိုအသင်းမှ အိန်ဂျလိုပီရူဇီမှာ အကောင်းဆုံးဂိုးသမားအဖြစ် အရွေးချယ်ခံရပြီး အင်တာမီလန်အသင်းမှ ကစားသမား မာကိုမာတာ ရာဇီသည် အကောင်းဆုံး နောက်တန်းဆု ရရှိသွားသည်။

အသက်အငယ်ဆုံးနှင့် အကောင်းဆုံးဘောလုံးသမားဆုကို ဖီအိုရင်တီနာအသင်းမှ ရီကာဒိုမွန်တိုလီဗို ရယူသွားကာ အေစီမီလန်အသင်း ရှေ့တန်းလူ ရော်နယ်ဒိုမှာ ၁၀နှစ်တာအတွင်း ချန်ပီယံ့တကာ့ချန်ပီယံဆု ရရှိသွားသည်။ အီတလီဘောလုံးအဖွဲ့ချုပ်ကပေးသောဆုကို ဘောလုံးအော်စကာဆုဟူ၍ သုံးနှုန်းကြသည်။

အင်တာနက်။

ကြေးမုံ The Mirror တို့ သူတို့လည်း ချမ်းရှာရှာထင့်

ပေကျင်း ဇန်နဝါရီ ၂၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် နှင်းမုန်တိုင်းများ ကျရောက်လျက်ရှိရာ ဟူပေပြည်နယ် ဝူဟန်မြို့ တိရစ္ဆာန်ဥယျာဉ်မှ ဝက်ဝံနှစ်ကောင်သည် အင်္ဂါနေ့ နံနက်ပိုင်း နှင်းများ သဲသဲမဲမဲ ကျနေချိန်အတွင်း ထွက်ပြေးရန် ကြိုးပမ်းခဲ့ကြသည်။

ဝက်ဝံနှစ်ကောင်ကို တိရစ္ဆာန်ဥယျာဉ် ဝန်ထမ်းများက ခြောက်လှန့်ပြီး ပြန်မောင်းသွင်းခဲ့ကြရကြောင်း ချူရှန်မက်ထရိုပိုလစ်နေ့စဉ်သတင်းစာက ရေးသားဖော်ပြ သည်။ ***ချိုင်းနားဒေးလီး***

မြန်မာ-တောင်ကိုရီးယား ချစ်ကြည်ရေးဘောလုံးခြေစမ်းမည့် အူလ်ဆန်တက္ကသိုလ်ဘောလုံးအသင်း ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာလိဂ်(အဆင့်မြင့်တန်း)မှ ဘောလုံးအသင်းများနှင့် ချစ်ကြည်ရေး ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် ကိုရီးယားသမ္မတနိုင်ငံမှ အူလ်ဆန်တက္ကသိုလ် ဘောလုံးအသင်းသည် ယနေ့ညနေ ၆နာရီ ၄၅မိနစ်က ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

မိမိတို့တက္ကသိုလ်နှင့်မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှာ ကောင်းမွန်သည့် အပြန်အလှန်ဆက်ဆံရေးများ ရှိသောကြောင့် မြန်မာနိုင်ငံသို့ ခြေစမ်းပွဲများ လာရောက်ကစားရခြင်းဖြစ်ကြောင်း အသင်းအုပ်ချုပ်သူ Mr. UM SUNG HO ပြောကြားစဉ်။

အဆိုပါ အူလ်ဆန်တက္ကသိုလ် ဘောလုံးအသင်းတွင် အုပ်ချုပ်သူ တစ်ဦး၊ နည်းပြနှစ်ဦး၊ ကစားသမား ၂၃ဦး စုစုပေါင်း ၂၆ဦးပါဝင်လာသည်။ မြန်မာလိဂ်(အဆင့်မြင့်တန်း) မှ အသင်းများနှင့်ချစ်ကြည်ရေးခြေစမ်းပွဲ များ ယှဉ်ပြိုင်ကစားမည့် အူလ်ဆန် တက္ကသိုလ်အသင်း၏ အခြေအနေ များကို မြန်မာဘောလုံးဝါသနာရှင် များ သိရှိနိုင်ရန် ကြေးမုံသတင်းအဖွဲ့ က ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ခရီးရောက်မဆိုက် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

အသင်းအုပ်ချုပ်သူ Mr. Um Sung Ho က မြန်မာ-ကိုရီးယား နှစ်နိုင်ငံဘောလုံးပညာများ ဖလှယ် နိုင်ရန်အတွက် ယခုခြေစမ်းပွဲများ ယှဉ်ပြိုင်နိုင်ရန် လာရောက်ခြင်း ဖြစ်ပါ ကြောင်း၊ မြန်မာ-ကိုရီးယား နှစ်နိုင်ငံ မှာ ချစ်ကြည်ရေးကောင်းမွန်သလို မိမိတို့တက္ကသိုလ်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှာလည်းကောင်းမွန် သည့် ဆက်ဆံရေးများရှိတာကြောင့် ယခု ခြေစမ်းပွဲများ ကစားမည့် သုံးသင်းအနက် နှစ်သင်း(ဘဏ္ဍာ/ အခွန်၊ စီးပွား/ကူးသန်း) မှာ ယမန်နှစ် က ကစားခဲ့ဖူးသော အသင်းများ ဖြစ်ကြောင်း၊ ထိုစဉ်က မိမိတို့က တစ်ပွဲနိုင်တစ်ပွဲ သရေကျခဲ့သော်လည်း မြန်မာအသင်းများဟာ မိမိတို့ကို အခက်အခဲများစွာပေးနိုင်ခဲ့ပါကြောင်း၊ မြန်မာအသင်းများမှာ စိတ်ဓာတ်နှင့် ကြိုးစားမှုကောင်းကြ၍ ပွဲကောင်းများ ဖြစ်လာနိုင်သည်ဟု မိမိထင်ကြောင်း၊ မြန်မာဘောလုံးပရိသတ်များ စိတ် ကျေနပ်အောင်မိမိတို့အသင်း အကောင်း ဆုံး ကစားသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

အူလ်ဆန်တက္ကသိုလ် အသင်းသည် လက်ရှိ ကိုရီးယားတက္ကသိုလ်လိဂ်တွင် ဦးဆောင်နေသည့် အသင်းဖြစ်ပြီး ၂၀၀၄ ခုနှစ် ကိုရီးယားအမျိုးသား အားကစားပွဲတော်တွင် ပထမ၊ ၂၀၀၅ ခုနှစ် ကိုရီးယားအမျိုးသား အားကစား ပွဲတော်တွင် ဒုတိယ၊ ၂၀၀၆ ခုနှစ် ကိုရီးယားဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ

အူလ်ဆန်တက္ကသိုလ်အသင်းအား ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် တွင် တွေ့ရစဉ်။

ဖလားပြိုင်ပွဲတွင် တတိယနှင့် ၂၀၀၇ ခုနှစ် ကိုရီးယားအမျိုးသားအားကစား ပွဲတော်တွင် ဒုတိယဆုရရှိထားသော အသင်းဖြစ်သည်။ ကိုရီးယားတက္ကသိုလ် အသင်းများထဲတွင် ထိပ်တန်းအသင်း တစ်သင်းဖြစ်ပြီး မြန်မာနိုင်ငံသို့ ၂၀၀၄ ခုနှစ်၊ ၂၀၀၇ခုနှစ်များက လာရောက် ခြေစမ်းခဲ့ဖူးကြောင်း သိရှိရသည်။

အူလ်ဆန် တက္ကသိုလ်အသင်းနှင့် မြန်မာလိဂ်အသင်းများ၏ ခြေစမ်းပွဲများ ကို ဇန်နဝါရီ ၃၀ရက်၊ ဖေဖော်ဝါရီ ၁ရက်နှင့် ၃ရက်တို့တွင် လူငယ် အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံး ကွင်းတွင် ညနေ ၃နာရီခွဲ၌ ကျင်းပ မည်ဖြစ်သည်။ ဇန်နဝါရီ ၃၀ ရက် (ယနေ့)တွင် စီးပွားကူးသန်းနှင့် အူလ်ဆန်၊ ဖေဖော်ဝါရီ ၁ ရက်တွင် ကမ္ဘောဇနှင့် အူလ်ဆန်၊ ဖေဖော်ဝါရီ ၃ရက်တွင် ဘဏ္ဍာ/အခွန်နှင့် အူလ်ဆန် တို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ကွင်း ဝင်ကြေးအဖြစ် အထူးတန်း ကျပ် ၁၀၀၀၊ ရိုးရိုးတန်းကျပ် ၅၀၀ သတ်မှတ် ထားသည်။

အူလ်ဆန်အသင်းနှင့် ခြေစမ်းမည့် အသင်းများမှာလည်း လက်ရှိအဆင့် မြင့်တန်းတွင် ထိပ်ဆုံးအဆင့်ရောက် အသင်းများဖြစ်သည်။ စီးပွား/ကူးသန်း အသင်းတွင် မြန်မာ့လက်ရွေးစင် ကစားသမား ဇော်လင်းထွန်း၊ မင်းသူ၊ မိုးဝင်း၊ ရာဇာဝင်းသိန်း၊ အောင်မျိုး သန့်နှင့် မျိုးမင်းထွန်းတို့ ပါဝင်နေပြီး လက်ရှိအဆင့်မြင့်တန်း အမှတ်ပေး ပြိုင်ပွဲတွင် အထူးခြေစွမ်းပြနေသော အသင်းဖြစ်သည်။ ကမ္ဘောဇ အသင်း မှာလည်း ၂၀၀၈ ခုနှစ် AFC President Cup ကလပ် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အသင်းဖြစ်ပြီး ထိုင်းဆီးဂိမ်းစ်ငွေတံဆိပ်ရအသင်းမှ နေဝင်း၊ အေးဆန်း၊ ဟန်ဝင်းအောင်နှင့် ကျော်သီဟတို့ ပါဝင်လျက်ရှိသည်။ ဘဏ္ဍာ/အခွန် အသင်းတွင်လည်း မြန်မာ့လက်ရွေးစင် ကစားသမား စိုးမြတ်မင်း၊ ရန်ပိုင်၊ ထွန်းထွန်းဝင်း၊ အောင်အောင်ဦး၊ ခင်မောင်ထွန်း စသည့်ကစားသမားများ ပါဝင်နေပြီး လက်ရှိအဆင့်မြင့်တန်း အမှတ်ပေး ပြိုင်ပွဲတွင် ထိပ်ဆုံးမှ ဦးဆောင်နေသော အသင်းဖြစ်သည်။

အာရှထိပ်တန်း တောင်ကိုရီးယား နိုင်ငံမှ အူလ်ဆန်တက္ကသိုလ်အသင်း နှင့် မြန်မာနိုင်ငံမှ ထိပ်သီးကလပ် သုံးသင်းတို့၏ ခြေစမ်းပွဲများမှာ မြန်မာဘောလုံးပရိသတ်တို့ အကြိုက် တွေ့နိုင်မည့် ပွဲကောင်းများ ဖြစ်လာ မည်ဖြစ်ပါကြောင်း သတင်းစကား ပါးလိုက်ရပါသည်။

(ကြေးမုံ)

မြန်မာနိုင်ငံသို့ လာရောက်ကစား ခြင်းဖြစ်ကြောင်း၊ ယခုအကြိမ်အပါ အဝင်ဆိုလျှင် မြန်မာနိုင်ငံတွင် လာရောက် ကစားသည်မှာ သုံးကြိမ် ရှိသွားပြီဖြစ်ကြောင်း၊ ယခုအချိန် သည် ကိုရီးယားနိုင်ငံတွင် အလွန် အေးကြောင်း၊ ထို့ကြောင့် ပူနွေးပြီး ရာသီဥတုကောင်းသည့် မြန်မာနိုင်ငံသို့ လာရောက်ကစားခြင်း ဖြစ်ပါကြောင်း။

မိမိတို့အသင်းတွင် ကိုရီးယားယူ-၂၃အိုလံပစ်လက်ရွေးစင်တစ်ဦးနှင့် ယူ-၂၀ လက်ရွေးစင်နှစ်ဦး ပါဝင် လာကြောင်း၊ မြန်မာနိုင်ငံသို့မလာခင် လာအိုနိုင်ငံတွင် ခြေစမ်းပွဲများ ကစား ခဲ့ကြောင်း၊ လာအိုတပ်မတော်အသင်း ကို ငါးဂိုး-တစ်ဂိုး၊ ဆောက်လုပ်ရေး အသင်းကို သုံးဂိုး-ဂိုးမရှိတို့ဖြင့် အနိုင် ရရှိခဲ့ကြောင်း၊ ယင်းနှစ်သင်းမှာ လာအို လိဂ်တွင် ထိပ်သီးအသင်းများဖြစ်သည် ဟုမိမိတို့သိခဲ့ရကြောင်း၊ မြန်မာနိုင်ငံ ၌ ခြေစမ်းအပြီး အခြားနိုင်ငံသို့ မသွားတော့ဘဲ ကိုရီးယားနိုင်ငံသို့ ပြန်မည်ဖြစ်ကြောင်း၊ ယခင်မြန်မာနိုင်ငံ သို့လာရောက်ကစားခဲ့သော အနေ အထားအရ မြန်မာအသင်းများမှာ အားနည်းချက် အချို့ရှိသော်လည်း အသင်းကောင်းများ ဖြစ်ပါကြောင်း၊ မိမိတို့ကိုခြေရည်တူယှဉ်ပြိုင်နိုင်ကြ၍ မိမိတို့အသင်း အတွေ့အကြုံကောင်း များရရှိခဲ့ပါကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူလူထုပူးပေါင်းပြီး ဆွဲကြိုးဖြတ်ပြေးသူများအား ဝိုင်းဝန်းဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းအတွင်း ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၈ရက်တွင် ဆွဲကြိုးဖြတ်ပြေးသူအား ရဲတပ်ဖွဲ့နှင့်ပြည်သူလူထုတို့က ဝိုင်းဝန်းဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ဇန်နဝါရီ၂၈ရက် ညနေ ၅နာရီကျော်ခန့်တွင် ပန်းဘဲတန်းမြို့နယ် (၂)ရပ်ကွက် (၂၆)လမ်းနေ မစပါယ် သည် ၂၆လမ်းဈေး၌ ဈေးဝယ်ပြီး နေအိမ်သို့ပြန်လာစဉ် နေအိမ်တိုက် လှေကား ဒုတိယထပ်အရောက် မစပါယ်၏ လည်ပင်းတွင်ဆွဲထားသော အလေးချိန် နှစ်ကျပ်သား ရွှေဆွဲကြိုး တစ်ကုံးကို လူတစ်ဦးက ဖြတ်၍ ထွက်ပြေးသွားသဖြင့် မစပါယ်က အော်ဟစ်အကူအညီတောင်းခဲ့ရာ အနီး ပတ်ဝန်းကျင်ရှိလူများက ပြစ်မှုကျူးလွန် သူနောက် လိုက်လံဖမ်းဆီးခဲ့ရာ ၂၆လမ်း နှင့် မဟာဗန္ဓုလလမ်းထိပ်တွင် ဆွဲကြိုး ဖြတ်ပြေးသူအား ဖမ်းဆီးရမိခဲ့သည်။ ဆွဲကြိုးဖြတ်ပြေးသူမှာ ထွန်းနိုင်ဝင်း၊ (၃၃)နှစ်၊ (ဘ)ဦးချစ်စံ၊ အမှတ် ၁၁၆၈၊ ယဿဝတီ(၁၆)လမ်း၊ ၁၃-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေသူဖြစ်ပြီး၊ ပန်းဘဲတန်းရဲစခန်းမှ (ပ) ၄၅/၀၈ ၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၂ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

အလားတူ ဇန်နဝါရီ ၂၈ရက် ညနေ ၆နာရီကျော်ခန့်တွင် မြောက်ဥက္ကလာပ မြို့နယ် (၂)ရပ်ကွက် သုမာလာ (၂)လမ်း နေ မနီနီအေး (၂၆)နှစ်သည် လသာ မြို့နယ် အနော်ရထာလမ်းအတိုင်း လမ်းလျှောက်လာစဉ် စဥ့်အိုးတန်းလမ်း ထိပ်အရောက် မျက်နှာချင်းဆိုင်မှ လမ်းလျှောက်လာသူ လူငယ်တစ်ဦး က မနီနီအေး၏ လည်ပင်းတွင် ဆွဲထား သော အလေးချိန် ငါးမူးသားခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံးကို ဖြတ်ယူထွက်ပြေး သွားသဖြင့် အော်ဟစ်အကူအညီ တောင်းခံခဲ့ရာ လသာရဲစခန်းမှ ဒုရဲအုပ် ဇော်မင်းကြူနှင့်တပ်ဖွဲ့ဝင်များ က အနီးရှိ ပြည်သူလူထုနှင့် ပူးပေါင်းပြီး ဝိုင်းဝန်း ဖမ်းဆီးရာ ၂၂လမ်းထိပ်အရောက်တွင် ဆွဲကြိုးဖြတ်ပြေးသူအား ဖမ်းဆီး ရမိခဲ့သည်။ ဆွဲကြိုးဖြတ်ပြေးသူမှာ မျိုးကျော် (၂၁)နှစ်၊ ကျပန်း၊ (ဘ) ဦးမောင်မောင်၊ အမှတ် ၁၀၂၇၊ ရာဇသင်္ကြန်(၇)လမ်း၊ ဗိုလ်ရန်ပြေ ရပ်ကွက်၊ ဒလမြို့နယ်ဖြစ်ပြီး လသာ ရဲစခန်းမှ (ပ) ၅၃/၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၂ ဖြင့် အမှုဖွင့်စစ်ဆေး လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချိုင့်ခွက်ရှောင်ရာမှ ယာဉ်တိုက်မှုဖြစ်၍ တစ်ဦးသေဆုံး

ရန်ကုန် ဇန်နဝါရီ ၂၉

ဒဂုံမြို့သစ်(တောင်ပိုင်း)မောင်းမကန် ကမ်းသာယာ လမ်းမကြီးပေါ် (ဘုန်းကြီး ကျောင်းကွေ့နှင့် တံတားထိပ်မှတ်တိုင် ကြား) မာကျူရီမော်တော်ကားလေး ဆိုင်ရှေ့တွင် ဇန်နဝါရီ ၂၂ရက် နံနက် ၆နာရီကျော်ခန့်က ဒဂုံ(တောင်)-တာမွေ ပြေးဆွဲနေသော ခရီးသည်တင်မော်တော် ယာဉ်တစ်စီးက စက်ဘီးနှစ်စီးကို နောက်မှ ဝင်ရောက်တိုက်မိသဖြင့် တစ်ဦးသေဆုံးမှုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ အရှေ့ပိုင်းခရိုင်ယာဉ် လိုင်းမှ ယာဉ်မောင်းဝင်းငွေ (၃၁)နှစ် မောင်းနှင်သည့် ဘီအမ်ယာဉ်အမှတ် (ဏ/၆၄၆၈)ခရီးသည်တင် မော်တော် ယာဉ်သည် လမ်းပေါ်မှ ချိုင့်ခွက်ကို ရှောင်လိုက်စဉ် ဒဂုံ(တောင်)အထက(၂) သို့ ကျောင်းပို့ရန် စီးနင်းလာသည့် ဦးအောင်သန်း (၄၆)နှစ်နှင့် သမီးဖြစ်သူ နဝမတန်း ကျောင်းသူ မစန္ဒာအောင် (၁၅)နှစ် တို့၏ စက်ဘီးနှင့် ဒေါ်လှလှ အေး (၄၂နှစ်)နှင့် သမီးဖြစ်သူ ပဥ္စမ တန်းကျောင်းသူ မသင်းမြတ်ခိုင်(၁၁နှစ်) တို့၏ စက်ဘီးတို့ကို နောက်မှဝင်ရောက် တိုက်မိခဲ့သည်။

စက်ဘီးနှစ်စီးပေါ်တွင် စီးနင်းလာသူ လေးဦးစလုံး ဒဏ်ရာပြင်းထန်စွာ ရရှိ သဖြင့် အမှတ် (၄) ယာဉ်မှုစစ်မှ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ပြည်သူများ ပူးပေါင်း၍ သဃ်န်းကျွန်းစံပြဆေးရုံ ကြီးသို့ ပို့ဆောင်ကုသပေးခဲ့သည်။ ဒဏ်ရာရသူလေးဦးအနက် မစန္ဒာ အောင် (၁၅)နှစ်မှာ ယင်းနေ့ နံနက် ၁၀နာရီကျော်တွင် သေဆုံးသွားသည်။ ကျန်ဒဏ်ရာရသူသုံးဦးကို အတွင်းလူနာ အဖြစ် ဆေးကုသမှု ခံယူနေရကြောင်း နှင့်ယာဉ်မောင်းသူအား ယာဉ်မှုစစ်က ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၄ က အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက် ရှိကြောင်းသိရသည်။

(၅၀၆)

ကြေးမုံ The Mirror

မှုခင်းသတင်းများ

လူသတ်မှု၊လုယက်မှုကျူးလွန်သူကို နာရီပိုင်းအတွင်း ဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်၌ ဇန်နဝါရီ ၂၈ရက်က လူသတ်မှု၊ လုယက်မှု ကျူးလွန်သူအား နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ သုံးခွမြို့နယ် ညောင်နီကျေးရွာတွင် ဇန်နဝါရီ ၂၈ရက် ညနေ ၃နာရီခန့်က ဒေါ်အုန်းကြိုင်သည် ၎င်း၏နေအိမ်၌ ဒဏ်ရာများဖြင့်သေဆုံးနေသဖြင့် ၎င်း၏ခင်ပွန်းက သုံးခွရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သည်။ သုံးခွရဲစခန်းက ပြစ်မှုကျူးလွန်သူကို စုံစမ်းဖော်ထုတ်ခဲ့ရာ သေဆုံးသူနှင့် အိမ်နီးနားချင်းဖြစ်သူ ဖိုးအေး(ခ)ဇေယျာ(၂၀)နှစ် လယ်ကူလီ(ဘ)ဦးပေသီး(ခ) ဦးအုန်းငွေအား ဇန်နဝါရီ ၂၉ရက် နံနက် ၄နာရီတွင် ဖမ်းဆီးရမိခဲ့သည်။

ဖိုးအေး(ခ)ဇေယျာ၏ ထွက်ဆိုချက်အရ လွန်ခဲ့သော ၁၅ရက်ခန့်က ဒေါ်အုန်းကြိုင်က ၎င်း၏ရွှေထည်ပစ္စည်းအတုများ ပျောက်ဆုံးမှုနှင့်ပတ်သက်၍ ၎င်းအားစွပ်စွဲခဲ့ဖူးကြောင်း၊ ဇန်နဝါရီ ၂၈ရက်ကလည်း ဒေါ်အုန်းကြိုင်အိမ်သို့ ပစ္စည်းဝင်ရောက်ခိုးယူစဉ် ဒေါ်အုန်းကြိုင်ကတွေ့သွားခဲ့ပြီး ရဲစခန်းတိုင်မည်ဟု ပြောသဖြင့် နေအိမ်သို့ပေါက်ပြားပြန်ယူပြီး ပေါက်ပြားဖြင့်လည်းကောင်း၊ သေဆုံးသူ၏အိမ်မှဓားဖြင့်လည်းကောင်းခုတ်၍ သတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့နောက် ရွှေထည်ပစ္စည်းများ ခိုးယူခဲ့ကြောင်း သိရှိရသည်။

ဖိုးအေး(ခ)ဇေယျာထံမှ ရွှေထည်ပစ္စည်းများကို မူလလက်ရာမပျက် ပြန်လည် သိမ်းဆည်းပြီး သုံးခွရဲစခန်းက ၃၀၂/၃၉၂ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သာကေတ၌အရက်မူးပြီးရန်ဖြစ် ဓားဖြင့်အထိုးခံရသူသေဆုံး

ရန်ကုန် ဇန်နဝါရီ ၂၉

အပြင်းအထန်နာကျင်စေမှုမှ လူသတ်မှုသို့ပြောင်းလဲ ဖွင့်လှစ်ရသော မှုခင်း ဖြစ်ရပ် သာကေတမြို့နယ် (၁၀/မြောက်)ရပ်ကွက်တွင် ဇန်နဝါရီ ၂၈ရက်က ဖြစ်ပွားခဲ့သည်ဟု သိရသည်။

မှုခင်းဖြစ်ပွားပုံမှာ ဇန်နဝါရီ ၂၈ရက် ညနေ ၃နာရီခွဲခန့်တွင် သာကေတမြို့နယ် (၁၀/မြောက်)ရပ်ကွက် EPC ဝန်ထမ်းအိမ်ရာရှိ မမာမာဦး၏ နေအိမ်လိုင်း ခန်းအရှေ့၌ (၁၀/မြောက်) ရပ်ကွက်နေ ဦးလှသိန်း(၅၇)နှစ်နှင့် ထွန်းဦး(အသက်-စုံစမ်းဆဲ) သာကေတနေသူတို့နှစ်ဦး အရက်မူးပြီး အရက်ဖိုးရှင်းသည့်ကိစ္စဖြင့် စကားများ ရန်ဖြစ်သည်။

ဦးလှသိန်းအား ထွန်းဦးကဓားဖြင့်ထိုးပြီး ထွက်ပြေးသွားသဖြင့် ဦးလှသိန်း ဝမ်းဗိုက်ဝဲဘက်အေး ထိုးသွင်းဒဏ်ရာတစ်ချက် ရရှိကာ ရန်ကုန်ဆေးရုံကြီး တွင်အတွင်းလူနာအဖြစ် ကုသရသောကြောင့် ဇနီးဖြစ်သူဒေါ်နီက အရေးယူပေးရန် တိုင်ကြားသည်။

သာကေတ အမှတ် (၂)ရဲစခန်းက (ပ) ၁၁၈/၂၀၀၈ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ -၃၂၆ဖြင့် (၂၈-၁-၂၀၀၈)နေ့တွင် အမှုဖွင့်ပြီး စစ်ဆေးဆောင်ရွက်လျက်ရှိစဉ် ဒဏ်ရာရသူ ဦးလှသိန်း သေဆုံးသွားသောကြောင့် ပုဒ်မ ၃၂၆မှ ပုဒ်မ ၃၀၂သို့ ပြောင်းလဲဖွင့်လှစ်ကာ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

(၃၁)

ဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်အမှတ် (၁/၂၀၀၈)ဖြင့် ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ်၊ **နဲသမိန် စံပြကျေးရွာ**မှ **မေမေဒေါ်မြမြ(ကြီးကြီး)**အား **သုဓမ္မသိင်္ဂီဘွဲ့** ချီးမြှင့်ခြင်းခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ မေမေ **ဒေါ်မြမြ**(ကြီးကြီး) သာသနာအကျိုး၊ ရပ်ရွာအကျိုးကို ဆတက်ထမ်းပိုး သက်ဆုံးတိုင်သည်အထိ ပေးဆပ်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။ ။

သား **ကိုသန့်ဇင်ဦး–မခင်သီတာဦး**
ကိုယုမင်းလတ်
သမီး **မချိုချိုလက်**
မသန္တာထွန်း
မြေး **မသူ့ထက်လျှံ၊ ဘောဘီသန့်ဇင်၊ မောင်သူရသန့်ဇင်၊ မောင်အောင်ဘုန်းခန့်နှင့်**
တူ/တူမများ

ZYP mobile phone sales & services
junction-8, waizayantar, junction zawana SHOPPING CENTER
TEL:01-650771 EXT:142, 573600-3, 573598 EXT:104

ကံမြင့်ကျောင်းတိုက် မြိုင်ဆရာတော် အထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် ဖြူးဆရာတော် ဦးနရပတိ(ဓမ္မကထိက ဗဟုဇနဟိတရေ) ၏တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတသည် ဖေဖော်ဝါရီ ၁ရက်နှင့် ၂ရက်တို့တွင် ညစဉ် ၇နာရီ၌ နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားမည်ဖြစ်၍ ကြွရောက်တရားနာယူနိုင်ကြောင်း သိရသည်။ (က–ပ)

တောင်ဥက္ကလာပမြို့နယ်(၁၀)ရပ်ကွက် အသက(၂၁)လမ်း လမ်းမီးတိုင်များလှူဒါန်းခြင်းနှင့် ရေစက်ချပွဲအခမ်းအနားကို ဇန်နဝါရီ ၁ရက်က ယင်းလမ်းတွင်ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် အလှူရှင် ဦးမြင့်ဆန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းမီးတိုင်များကို လှည့်လည်ကြည့်ရှုကြစဉ်။
(၆၃)

ကျိုက္ကလော့ မိုးကုတ်ရိပ်သာတရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၂၉

မင်္ဂလာဒုံမြို့နယ် ကျိုက္ကလော့ပရိယတ္တိစာသင်တိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ဆရာတော် ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ ဦးစီး၍ မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို ဖေဖော်ဝါရီ ၁၅ရက်မှစတင်၍ ကျင်းပသွားမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီပုဂ္ဂိုလ်များသည် ဖေဖော်ဝါရီ ၁၄ရက် ညနေ ၅နာရီအရောက် လာရောက်ကြရန်နှင့် ဆွမ်းဆက်ကပ်လှူဒါန်းလိုသူများသည် ဖုန်း–၀၉၈–၀၂၁၁၁၃၊ ၆၃၅၆၃၂တို့သို့ ဆက်သွယ်ကြရန်နှိုးဆော်ထားသည်။ (က–ပ)

အလှူတော်ငွေ ထည့်ဝင်လှူဒါန်းနိုင်ရေး နှိုးဆော်လွှာ

သက္ကရာဇ်(၉၂၇)ခုနှစ်ကတည်းက ဥမ္မာဒန္တီမိဖုရားကြီး တည်ထားကိုးကွယ်ခဲ့သည့် ဓနုဖြူမြို့နယ် စံကင်းကျေးရွာရှိ သမိုင်းဝင် မြကျိုက်ပုံစေတီတော်မြတ်ကြီးမှာ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးတော့မည့် အခြေအနေတွင် သက္ကရာဇ် ၁၂၄၇ခုနှစ်၌ အသစ်တစ်ဖန်ပြုပြင်၍ တည်ထားကိုးကွယ်ခဲ့ပါသည်။

၎င်းစေတီတော်မှာလည်း သက္ကရာဇ် ၁၃၆၂ ခုနှစ် တန်ဆောင်မုန်းလဆန်း(၁)ရက်တွင် ဧရာဝတီ မြစ်ရေတိုက်စားမှုကြောင့်ပင် ဒုတိယအကြိမ်ပြိုကျပျက်စီးခဲ့ရာ စေတီတော်မြတ်ကြီး၏ ဌာပနာတော်များအား ရယူကာ ဘေးကင်းရာသို့ ရွှေ့ပြောင်း၍ ခုနစ်ရက်သားသမီးအလှူရှင်များ၏ အလှူငွေ၊ လုပ်အားဒါနများဖြင့် ရွှေတိဂုံစေတီတော်ပုံစံအတိုင်း ပြန်လည်တည်ထားလျက်ရှိရာ ဉာဏ်တော်အမြင့် ၆၇ ပေ ၆ လက်မ၊ အနက် ၂၆ ပေ ၉ လက်မ၊ အမြင့် ကြေးဝန်းအထိ ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါသည်။

သို့ပါ၍ စေတီတော်ကြီးပြန်လည်တည်ဆောက်ရေးလုပ်ငန်း ရာနှုန်းပြည့် အမြန်ဆုံးပြီးစီးအောင်မြင်နိုင်ရေးအတွက် သဒ္ဓါကြည်ဖြူပါဝင်လှူဒါန်းနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ – **မြကျိုက်ပုံစေတီတော်ဂေါပကအဖွဲ့**
စံကင်းကျေးရွာ၊ ဓနုဖြူမြို့
ဖုန်း–၀၄၆–၂၅၁၄၈
ဒေါ်မဥ္ဇူစိန်၊ မန်နေဂျာ၊ ကြံသီးနှံလုပ်ငန်းဌာန
သိရိမင်္ဂလာရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးစေတီလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း–၀၁–၆၆၆၀၄၅

ဝမ်းမြောက်ကြည်ဖြူ ဂုဏ်ယူမိပါသည် အရှင်ဘုရား

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၈)ဖြင့် တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သီရိမင်္ဂလာဘုန်းတော်ကြီးသင် ပညာရေး ကျောင်း၏ ပဓာနနာယက–သာသနဓဇ သိရိပဝရ ဓမ္မာစရိယ–မဟာသဒ္ဓမ္မ ဇောတိကဓဇ ကျောင်းအုပ်ဆရာတော် **ဘဒ္ဒန္တ အဂ္ဂဝံသ** အား အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသည်ကို သိရှိရပါသဖြင့် အထူးပင် ဝမ်းမြောက်ကြည်ဖြူဂုဏ်ယူ ပူဇော်ပါသည်အရှင်ဘုရား။

အကျင်းနှင့် ညီများ တာယာရောင်းဝယ်ရေး
ဦးကျင်း–ဒေါ်ချောစုမြတ်၊ သား မောင်သီဟသူ ကျင်းမိသားစု၊
မြေနီကုန်းပလာဇာ

သရဖူမဂ္ဂဇင်း အင်တာနက်စာမျက်နှာများ စတင်လွှင့်တင်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

သရဖူမဂ္ဂဇင်း ၁၀နှစ်ပြည့် အထိမ်းအမှတ်အဖြစ် သရဖူမဂ္ဂဇင်းအင်တာနက်စာမျက်နှာများ စတင်ထုတ်လွှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ဆူးလေဘုရားလမ်းရှိကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ သရဖူမဂ္ဂဇင်း အမှုဆောင်အယ်ဒီတာ နန်းဟွမ်ခမ်းက မိတ်ဆက်စကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် သရဖူမဂ္ဂဇင်းအင်တာနက်စာမျက်နှာများနှင့် ပတ်သက်သည့်အကြောင်းအရာများကို သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းပြသသည်။ သရဖူမဂ္ဂဇင်းကို လွန်ခဲ့သည့် သုံးနှစ်ကျော်ကပင် အင်တာနက်ပေါ်မှတစ်ဆင့် ဖတ်နိုင်ရန် Foreverspace.comတွင် လွှင့်တင်ပေးထားခဲ့သည်။ သို့သော် ထိုသို့လွှင့်တင်ထားရာတွင် မဂ္ဂဇင်းစာမျက်နှာများအလိုက် ကြည့်နိုင်သည့် ပုံစံ (PDF format) ဖြင့် တင်ထားခဲ့ခြင်းဖြစ်သည်။ ယခု ၁၀နှစ်မြောက် အထိမ်းအမှတ်အဖြစ် လွှင့်တင်သည့် သရဖူမဂ္ဂဇင်း အင်တာနက်စာမျက်နှာများကမူ မာတိကာ အကြောင်းအရာစဉ်လိုက် လိုရာကို ရွေးချယ်ကြည့်ရှုနိုင်သောပုံစံဖြင့် စတင်လွှင့်တင်ထားခြင်းဖြစ်သည်။

ထို့အပြင် ဖတ်လိုသောအကြောင်းအရာကိုလည်း မြန်မာဘာသာအသုံးပြု၍ အလွယ်တကူ ရိုက်နှိပ်ရှာဖွေနိုင်သည်။ အကြောင်းအရာတိုင်းကို သရုပ်ဖော်ပုံများ၊ အကြောင်းအရာတူခေါင်းစဉ်များ၊ ဆက်စပ်အကြောင်းအရာများနှင့် တစ်ပြိုင်တည်း လေ့လာဖတ်ရှုနိုင်စေရန် စီစဉ်ထားသည်။ သရဖူမဂ္ဂဇင်း ဝက်ဘ်ဆိုက်သည် မဂ္ဂဇင်းဝက်ဘ်ဆိုက်ဖြစ်နေသဖြင့် တစ်လတစ်ခါဝင်ကြည့်ရုံဖြင့် လုံလောက်သွားပြီဟုဆိုသော်လည်း နေ့စဉ်နှင့်အမျှ၊ အချိန်နှင့်အမျှ ဖြစ်ပေါ်နေသည့် သတင်းအချက်အလက်များကိုလည်း စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာန၏ ခွင့်ပြုချက်ဖြင့် ထုတ်ဝေနေသော ပုဂ္ဂလိကစာနယ်ဇင်းများ၊ သတင်းစာများမှ ကောက်နုတ်ဖော်ပြပေးသွားမည်ဖြစ်ကြောင်းသိရသည်။

သရဖူမဂ္ဂဇင်းကိုအမျိုးသမီး၊ ဖက်ရှင်၊ အလှအပရေးရာနှင့် ကျန်းမာရေး မဂ္ဂဇင်းအဖြစ် ထုတ်ဝေခဲ့သည်မှာ ၂၀၀၇ခုနှစ် နိုဝင်ဘာလက ၁၀နှစ်တင်းတင်းပြည့်ခဲ့ ပြီဖြစ်သည်။ သရဖူမဂ္ဂဇင်း အင်တာနက် စာမျက်နှာများတွင်လည်း ကြော်ငြာများ ထည့်သွင်း ဖော်ပြပေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများနှင့် ကြော်ငြာထည့်သွင်းလိုသူများသည် သရဖူမဂ္ဂဇင်း အမှတ် ၂၀၀ (ဒုတိယထပ်)၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန် ဖုန်း ၃၈၃၀၂၅ သို့ ဆက်သွယ်နိုင်ကြောင်းနှင့် သရဖူမဂ္ဂဇင်း ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ကြည့်ရှုလိုပါက www.tharahpumag.com သို့ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာဖတ်ဝိုင်းအခမ်းအနားကို ဇန်နဝါရီ ၂၄ရက်က (၁၀၇)ရပ်ကွက် အမက(၂၃)မူလွန်ကျောင်းရှိ မေတ္တာရိပ်စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝင်းက ပြည်ထောင်စုနေ့အကြောင်း သိမှတ်စရာများကိုဟောပြောပြီး စာဖတ်ဝိုင်းကို ကျင်းပသည်။

ထို့နောက် မြို့နယ် ဦးစီးမှူး ဒေါ်မိုးမိုးဝင်းနှင့်ရုံးအဖွဲ့က ကျောင်းအုပ်ဆရာကြီး ဦးဘညွန့်(ကျွန်းစဉ်မြေ စောခက်) အား စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

(အပေါ်ဝဲပုံ) (ပြန်/ဆက်)

မြိတ်အထက(၁) အာစရိယပူဇော်ပွဲ ရန်ကုန်မြို့၌ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

မြိတ်အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ပထမပတ်တွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

ဇန်နဝါရီ ၆ ရက်တွင် မြိတ်မြို့အထက(၁)၌ ကျင်းပသည့် အာစရိယပူဇော်ပွဲသို့ တက်ရောက်နိုင်ခြင်းမရှိသည့် ရန်ကုန်နှင့် အဝေးရောက် ဆရာကြီး၊ ဆရာမကြီးများသည် ရန်ကုန်မြို့ရှိ မြိတ်အသင်း ဖုန်း–၂၂၄၃၄၀ နှင့် ၂၁၂၈၂၄ တို့သို့ ဆက်သွယ်ကြပါရန် ရန်ကုန်မြို့ရှိ မြိတ်အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများက နှိုးဆော်ထားကြောင်းနှင့် အာစရိယပူဇော်ပွဲ ကျင်းပမည့်နေ့ကို ထပ်မံ ကြော်ငြာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တက္ကသိုလ်များ သမိုင်းအထူးပြု ကျောင်းသား၊ ကျောင်းသူများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၉

တက္ကသိုလ်များ သမိုင်းအထူးပြု ကျောင်းသား၊ ကျောင်းသူများ၏ နဝမအကြိမ် အသက်(၆၅)နှစ်အထက် ဆရာကြီး၊ ဆရာမကြီးများ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပြီး အဌမအကြိမ် မိတ်ဆုံညစာစားပွဲကို ညနေ ၆ နာရီမှ ည ၉ နာရီအထိ M-3 Food Center တွင် ကျင်းပမည်ဖြစ်သည်။

အပတ်စဉ်သောကြာနေ့တိုင်း ရန်ကုန်တက္ကသိုလ် သမိုင်းဌာန ဝေသာလီဆောင်၌ အာစရိယပူဇော်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပမည်ဖြစ်၍ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ညစာစားပွဲလက်မှတ်များကို ရန်ကုန်တက္ကသိုလ် သမိုင်းဌာန ဝေသာလီဆောင် ဖုန်း–၅၃၆၉၉၆၊ ဦးဉာဏ်ဝင်း(၁၉၆၇) ဖုန်း–၂၀၃၁၅၄၊ ဦးဝင်းကြွယ်(၁၉၇၄) ဖုန်း–၀၉၅၁၀၆၆၁၀၆၄ နှင့် ဒေါ်ခင်သိန်းဝင်း(၁၉၇၉) ဖုန်း–၅၁၂၂၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ပြည်သူ့ဆန္ဒ သဘောထား

- ☆ တည်ငြိမ်မှုကို လိုလားသည်
- ☆ အေးချမ်းမှုကို လိုလားသည်
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ဆွေးနွေးမှာကြား

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအားစစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီ သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

အရွယ်မရောက်သေးသည့် ကလေးသူငယ်များ တပ်မတော်အတွင်း ဝင်ရောက်လာသည်ကို လက်မခံဘဲ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း တိတိကျကျလိုက်နာ

နေပြည်တော် ဇန်နဝါရီ ၂၉

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၃နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဝင်များဖြစ်ကြသော ဒုတိယဝန်ကြီးများ၊ ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားရာတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီကို **စာမျက်နှာ ၈ ကော်လံ ၁ သို့ ➪**

ယနေ့ သတင်းအညွှန်း

လှိုင်အောင်၏ "ဂါဇာမှ ထွက်ပေါက်ရှာသူများ" နိုင်ငံတကာရေးရာ သုံးသပ်ချက်ဆောင်းပါး

➪ စာမျက်နှာ-၇

မြန်မာ-တောင်ကိုရီးယား ချစ်ကြည်ရေး ဘောလုံးခြေစမ်းမည်

➪ စာမျက်နှာ-၁၀

လူသတ်မှု၊ လုယက်မှု ကျူးလွန်သူ နာရီပိုင်းအတွင်း ဖမ်းမိ

➪ စာမျက်နှာ-၁၀

- ★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC
- ★ RFA VOA BBC အဖျက်သမားများ သတိထား
- ★ RFA VOA နှင့် BBC လေလှိုင်းပေါ်က လူသတ်သမားများ ပြည်သူအားလုံး သတိထား